မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၄၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘောအလည်အပတ်ခရီးအဖြစ် ယနေ့မွန်းလွဲ ၂ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိသည်။

ကြိုဆို

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုတို့က နေပြည်တော်လေဆိပ်မှ ကြိုဆိုကြသည်။

လိုက်ပါ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ရှန်းကျောက်လွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဝူတာ့ဝေ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကျန်းရှင်းဖန်း၊ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာလျို့ပင်း၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာချန်ကျန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလာကြသည်။

ထွက်ခွာသွား

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် နေပြည်တော်ဟိုတယ်ဇုန်သို့ ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရွှမ်အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးလေဝသအခြေအနေ

၂၆ - ၂ - ၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

ပြည်သူများအကျိုးကျေးဇူးမြန်မြန်ခံစားရရှိရေး စီမံကိန်းများ စောပြီးစီးရန်ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်က လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အသုံးချ၍ ရေအားလျှပ်စစ်စီမံကိန်းများ အင်တိုက်အားတိုက် အကောင်အထည်ဖော်လျက်ရှိသည်။

စစ်တောင်းမြစ်ဝှမ်း၌ ကွန်း၊ ရဲနွယ်၊ ခပေါင်း၊ ဖြူး၊ ရွှေကျင်၊ ဘောဂတ၊ သောက်ရေခပ်၊ ပေါင်းလောင်း၊ အထက်ပေါင်းလောင်းနှင့် နန်ချိုစီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းအားလုံးပြီးစီးချိန်တွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၉၉၀ရရှိနိုင်မည် ဖြစ်သည်။ ယင်းစီမံကိန်းများအနက် ရဲနွယ်နှင့် ပေါင်းလောင်း စီမံကိန်းတို့မှာ ပြီးစီး၍ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

ယခု စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို လက်ရှိလည်ပတ်နေသော ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံ၏ အထက်ဘက် ၁၅မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်လျက်ရှိရာ စီမံကိန်းတစ်ခုလုံးပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၀ ထုတ်ယူရရှိမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပျဉ်းမနားမြို့နယ် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် နန်ချိုရေအားလျှပ်စစ်စီမံကိန်းများကို ဖေဖော်ဝါရီ ၂၄ရက်နေ့က လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာနှင့်စပ်လျဉ်း၍ လမ်းညွှန်ခဲ့ရာတွင်-

"ရေအားလျှပ်စစ်စီမံကိန်း အပါအဝင်နိုင်ငံတော်၏ ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ မိမိတို့အတတ်ပညာနှင့် အတွေ့အကြုံများရှိပြီးဖြစ်သည့်အတိုင်း ဖြစ်နိုင်သရွေ့ အချိန်စော ပြီးစီးအောင် နည်းကောင်း၊ စနစ်ကောင်းများကို တီထွင်ကြံဆရှာဖွေပြီး အားထုတ်လုပ်ကိုင်ကြရန် လိုကြောင်း၊ မိမိတို့၏ တီထွင်ကြံဆမှု၊ အားထုတ်ကြိုးပမ်းလုပ်ကိုင်မှု၊ စိတ်စေတနာခံယူချက် မှန်ကန်မှုတို့ကြောင့် စီမံကိန်းလုပ်ငန်းများမှာ မူလတွက်ချက်မျှော်မှန်းသည်ထက် အချိန်စော၍ ပြီးစီးသွားနိုင်ကြောင်း၊ ယခု အထက်ပေါင်းလောင်းစီမံကိန်းနှင့် စပ်လျဉ်းပြီး ဆောင်ရွက်၍ရသည့် လုပ်ငန်းများကို တစ်ပြိုင်တည်း လုပ်ကိုင်ဆောင်ရွက်သည့် နည်းလမ်းဖြင့် ဖိဖိစီးစီး ကြိုးစားလုပ်ကိုင်သွားကြမည်ဆိုလျှင် အချိန်စော၍ ပြီးစီးသွားနိုင်မှာဖြစ်ကြောင်း"

မှာကြားသွားသည်။

အလားတူ စစ်တောင်းမြစ်ဝှမ်း စီမံကိန်းဝင်တစ်ခုဖြစ်သော နန်ချိုရေအားလျှပ်စစ်စီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက် ၁၆မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်အတွင်းသို့ စီးဝင်သည့် နန်ချိုချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည်။ စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်ယူရရှိနိုင်မည် ဖြစ်သည်။

နိုင်ငံတော်က ရေမြေသယံဇာတများကို အကျိုးရှိစွာအသုံးချနိုင်စေရန် ရေအားလျှပ်စစ် စီမံကိန်းများနှင့် ဆည်တမံများ တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာသည်နှင့်အမျှ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ထို့အတူ နိုင်ငံတစ်ဝန်းလုံး လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး မျှော်မှန်းပြီး ရေအားလျှပ်စစ်စီမံကိန်းများ ဖော်ဆောင်ပေးလျက်ရှိရာ တာဝန်ရှိသူ များက သတ်မှတ်ချိန်ထက် စော၍ပြီးစီးစေရန် တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်နိုင်သည်နှင့်အမျှ ပြည်သူများအနေဖြင့် အကျိုးကျေးဇူးများ မြန်မြန်ခံစားကြရမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းတော်အတွင်း ကုန်းတော်မြတ် နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ မဟာဗောဓိ စေတီတော်မြတ် ပုံစံတူ ဗုဒ္ဓဂယာ မဟာဗောဓိ သိမ်တော်မြတ် စေတီတော် တည်ထားကိုးကွယ်ဆောက် လုပ် ရန်အတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက် ပိတောက်ပင်လမ်း အမှတ် ၁၆ နေ ဦးမေအောင်-ဒေါ်အေးရှင် တို့အားရည်စူး၍ သား ကိုအေးအောင်၊ သမီးမခင်မျိုးသစ် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ပဓာနနာယက ဦးဆောင် နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယက အဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ရက် ညနေ ၅ နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ တိုင်းပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီ၊ ကုန်တင် မော်တော်ယာဉ်၊ ရေယာဉ်၊ အခြားယာဉ်လိုင်းများနှင့် အထွေထွေလုပ်ငန်းများ ကြီးကြပ်မှုကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူ များနှင့် ယာဉ်လိုင်း ဥက္ကဋ္ဌများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

အမှာစကား

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာ (အလယ်) လမ်း အမှတ် ၂၂၅ နေ ခင်ပွန်း ဦးဇော်အားရည်စူး၍ ဇနီး ဒေါ်ခင်ခင်သန်းနှင့် သားသမီး၊ မြေးတစ်စုတို့က ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၀၇
(တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅ အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည့်တရားတော် (အပိုင်း-၂) [အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့) ဆရာတော်]
၈:၁၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အရသာချိုချိုရေခဲမုန့် ပြုလုပ်နည်း)
၈:၂၀ တေးဂီတအစီအစဉ်
၈:၂၅ အနုပညာရုပ်ဝန်းမှပွဲတင်သံများ (ကာတွန်းပွဲတော်)
၈:၅၅ တေးဂီတအစီအစဉ်
၉:၀၀ ပြည်တွင်းသတင်းအကျဉ်း
၉:၁၀ နှင်းဆီပင်စိုက်ကြရအောင်
၉:၂၅ တေးဂီတအစီအစဉ်
၉:၃၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀ ဘုရားဖူးကာလေ့လာ ကုသိုလ်တော်ယူမှာ
၁၀:၁၀ တေးဂီတအစီအစဉ်
၁၀:၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)(ခြင်ကိုက်ခံရခြင်းကြောင့်ဖြစ်ပွားသောရောဂါများနှင့် လုပ်ငန်းခွင်ကျန်းမာရေးပြဿနာများ)
၁၀:၄၅ မိုးလေဝသခန့်မှန်းချက်
၁၀:၅၀ ဝင်ငွေတိုးစေဖို့ တီလားပီးယား ငါးမွေးကြစို့
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅ အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ (Super Power Engine Oil)
၁၁:၂၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅ မပြောမပြီး မတီးမမြည် နေရဲလင်း၊ မိုးဇော်၊ မောင်မောင်မြင့်၊ ရှင်ဖုန်းသိမ့်ချယ်၊ နိုင်ဆုသွယ် (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ ယှဉ်ပြိုင်ဆင်နွှဲ မြန်မာ့သိုင်းပြိုင်ပွဲ
၁၂:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၂၅ ကွန်ရက်ပမာယှက်သွယ်ဖြာ
၁၂:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀ အလှတရား၏ လျှို့ဝှက်ချက်
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပုလောမြို့နယ်အသင်း ဂုဏဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

သာသနာတော်ဆိုင်ရာ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ပုလောမြို့နယ်ဖွား ရုပ်ပုံရွာ၊ ဆီတောင်သာသနာ့ရိပ်သာ ကျောင်းတိုက် ဦးစီးနာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုဏ္ဍလနှင့် ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရုပ်ပုံရွာ ကျောင်းကြီးကျောင်းတိုက်မှ ဘဒ္ဒန္တ အာဒိစ္စတို့အား ပုလောမြို့နယ်အသင်း(ရန်ကုန်)က မတ်၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အသင်းတိုက်၌ ထပ်ဆင့် ချီးကျူးပူဇော်မည်ဖြစ်သည်။ မြို့နယ်သူ မြို့နယ်သား၊ အသင်းသူ အသင်းသားများ တက်ရောက်ပူဇော်နိုင်ကြောင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုလျှင် ဥက္ကဋ္ဌ ဦးမောင်လှ ဖုန်း-၅၁၄၉၆၉၊ ၂၂၃၈၅၉၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဘမြင့် ဖုန်း-၃၇၈၆၃၇၊ ၆၉၉၄၄၇၊ ဦးကြီးညွန့် ဖုန်း-၂၉၆၉၆၂၊ ဦးကျော် ဖုန်း-၃၈၇၀၈၄၊ အတွင်းရေးမှူး ဦးမောင်အုံး ဖုန်း-၂၂၈၀၃၃၊ တွဲဖက်အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း-၇၀၆၁၇၇နှင့် အသင်းတိုက် ဖုန်း-၂၂၀၃၂၄၊ ၂၂၉၇၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၆-၂-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၄။ ကြည်နူးနားဆင်ပြုံးပျော်ရွှင်
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ ကြည်နူးရွှင်ပျော်တေး သရုပ်ဖော်
၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံစဉ်မဲ့မေတ္တာ** (အပိုင်း-၁၁)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မေးမြန်းစူးစမ်း
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ** (အပိုင်း-၈)

**** ကျောဖုံးမှ***

ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်တာများနှင့် ပြပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို မန္တလေးတိုင်း ကွန်ပျူတာ လုပ်ငန်းရှင် အသင်းဥက္ကဋ္ဌ ဦးရဲမြတ်သူက ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က ပဉ္စမအကြိမ်မြောက် ကွန်ပျူတာနည်းပညာပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပြသထား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့များသည် ပြပွဲအတွင်း ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ကွန်ပျူတာနည်းပညာပြပွဲတွင် ပြခန်းပေါင်း ၅၆ ခန်း ပြသထားပြီး ဖေဖော်ဝါရီ ၂၅ ရက်အထိ ပြသကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် မန္တလေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှု ကြီးကြပ်ရေးအဖွဲ့ဝင်များသည် အမရပူရမြို့နယ် တောင်သမန်ကန်ပတ်လမ်း တိုးချဲ့ဆောင်ရွက်နေမှု၊ ကျောက်ခင်းခြင်းနှင့် ခင်းပြီးကျောက်များ လမ်းကြိတ်စက်ဖြင့် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ အဆိုပါ တောင်သမန်ကန်ပတ်လမ်းမှာ မူလအကျယ် ၁၈ ပေမှ ပေ ၃၀ အထိ တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်း ပေ ၆၉၀၀ အနက် ပေ ၂၇၀၀ အထိ ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက် ပြီးစီးကြောင်း သိရှိရသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်သမန်ကန်ပတ်လမ်းမှ တောင်သမန်ကန်ဘေးပတ်ဝန်းကျင်၊ ၎င်း လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားသော တံခွန်တိုင်ကွင်းရှိ နွေစပါး ၁၅၉ ဧက စိုက်ပျိုးပြီးစီးမှု၊ ပေါင်းလိုက်သမန်းနှီးခြင်း၊ မြေဩဇာကြဲပက်ခြင်း၊ ရေစုပ်စက်ဖြင့် ရေတင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နွေစပါးစိုက်ပျိုးမှုကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရတနာပုံတက္ကသိုလ်နှင့် ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းကွင်းရှိ တောင်သူ ဦးတင်ဦး၏ လယ်ခြောက်ဧက၌ မနောသုခ နွေစပါးစိုက်ပျိုးအောင်မြင်မှုကိုလည်းကောင်း၊ အမရပူရမြို့နယ် ရေကန်ကျေးရွာအုပ်စု ရှားတောလေးကွင်းရှိ တောင်သူ ဦးအေးကိုနှင့် ဦးကျော်ဌေးတို့၏ လယ်မြေများ၌ မြေဩဇာပက်ဖျန်းနေမှု၊ ပေါင်းလိုက်သမန်းနှီး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ တောင်သူ ဦးသန်းညွန့်၏ လယ်မြေ ၃ ဒသမ ၅ ဧကတွင် မနောသုခနွေစပါးပျိုးပင်များကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေး တော်ဝင်စက်မှုလက်မှုကုမ္ပဏီလီမိတက် သံရည်ကျိုပုံလောင်းခြင်းနှင့် စက်အစိတ်အပိုင်းများ ထုတ်လုပ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတော်ဝင်စက်မှုလက်မှု လီမိတက်ခန်းမ၌ စက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံရာ ရှေးဦးစွာ စက်မှုဇုန်ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကုန်ထုတ်လုပ်မှု၊ ထုတ်လုပ်ပြီးစီးသည့်ကုန်ချောများ၏ အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး၍ ဒိုင်နမို၊ မော်တာနှင့် ကြက်ဆူကြိတ်စက်များအား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ထုတ်လုပ်သွားရေး၊ မန္တလေးစက်မှုဇုန်သည် အစဉ်အလာကောင်းသဖြင့် ထုတ်ကုန်များ အရည်အသွေးမကျဆင်းရေး၊ သွင်းကုန်အစားထိုး လုပ်ငန်းများ အရည်အသွေးမြှင့်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်သွားရေး၊ နိုင်ငံတော်၏ ရည်မှန်းချက်တာဝန်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်း ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကနောင်မင်းသားကြီးလမ်းမှ တံခွန်တိုင်တံတားအထိ ခြောက်လမ်းသွားလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး တံခွန်တိုင်တံတားပေါ်မှ တောင်မြင့်ကွင်း နွေစပါးပေါင်းနုတ်သမန်းနှီးခြင်း၊ ရေစုပ်စက်ဖြင့် ရေတင်နေခြင်း၊ မြေဩဇာကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၅ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရွှမ်အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း–ကျောဖုံး) (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပြွန်တန်ဆာမြို့ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံး ထုတ်လုပ်ရေးစက်ရုံ၌ ထုတ်လုပ်ထားသော ကွန်ကရစ်ဇလီဖားတုံးများကိုကြည့်ရှု စစ်ဆေးစဉ်။ (ရထား)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စစ်တောင်း–မြစ်ကျိုး–ဒိုက်ဦးရထားလမ်းဖောက်မှုစစ်ဆေး သံလမ်း၊ ကျောက်၊ ဇလီဖားတုံးများ သတ်မှတ်နေရာ အချိန်မီရောက်ရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ပြွန်တန်ဆာမြို့ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိရာ ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးမျိုးထွေးဝင်းက စက်ရုံမှထုတ်လုပ်ရန် လျာထားသော ကွန်ကရစ်ဇလီဖားတုံးများ အခြေအနေနှင့် ထုတ်လုပ်ပြီးဇလီဖားတုံးများ လုပ်ငန်းခွင်ရောက်ရှိစေရေးဆောင်ရွက်မှုများ၊ ကုန်ကြမ်းပစ္စည်းများ စုဆောင်းရရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကွန်ကရစ်ဇလီဖားတုံးများထုတ်လုပ်ခြင်းကို လျာထားချက်ထက် ပြည့်မီကျော်လွန်အောင်ကြိုးစား၍ ထုတ်လုပ်ရေး၊ ထုတ်လုပ်ပြီးဇလီဖားတုံးများ အရည်အသွေးမီ ခိုင်ခံ့မှုရှိစေရေး၊ ကုန်ကြမ်းပစ္စည်းများ ကြိုတင်စုဆောင်းထားရှိရေးတို့ကို မှာကြားသည်။

အဆိုပါ ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားထုတ်လုပ်ရေးစက်ရုံကို ၂၀၀၃ ခုနှစ် စက်တင်ဘာတွင် စတင် တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ် ဇွန် ၆ ရက်တွင် စတင်စမ်းသပ်လည်ပတ်ခဲ့သည်။ စက်ရုံ၏ တစ်ရက်ပျမ်းမျှ ထုတ်လုပ်နိုင်မှုစွမ်းအားမှာ ကွန်ကရစ်ဇလီဖားတုံး၃၀၀ဖြစ်သည်။ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ၂၃ရက်အထိ ကွန်ကရစ်ဇလီဖားတုံး ၁၃၇၄၉၀ ထုတ်လုပ်ပြီးဖြစ်သည်။ ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားတုံးစက်ရုံ(ပြွန်တန်ဆာ)သည် ရန်ကုန်–ညောင်လေးပင် လမ်းပိုင်း၏ ရထားလမ်းပိုင်း အဆင့်အတန်းမြှင့်တင်ရေး အထောက်အကူပြုအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒုတိယဝန်ကြီးနှင့်အတူ စစ်တောင်း(ဆပ်သွားကုန်း)–မြစ်ကျိုး–ဒိုက်ဦး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက ရထားလမ်းပိုင်းနှင့် တံတားများတည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ရထားလမ်းပိုင်းနှင့်တံတားများကို စံချိန်စံညွှန်းမီရေး၊ လိုအပ်သည့် သံလမ်းများ၊ ကျောက်များ၊ ဇလီဖားတုံးများကို သတ်မှတ်နေရာများသို့ အချိန်မီရောက်ရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ရထားလမ်းသစ်ကို သတ်မှတ်ချိန်တွင် ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ထမ်းအားလုံးက တက်ညီစွာဖြင့် စုပေါင်းဆောင်ရွက်ရေး မှာကြားသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် (၄၂)ကြိမ်မြောက် လီဆူးနှစ်သစ်ကူးပွဲတော်သို့တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက မိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိစာသင်တိုက်သိမ်တော်၌ ကျင်းပသော လီဆူးတိုင်းရင်းသား ရင်သွေးငယ် ရှင်သာမဏေအပါး ၁၀၀ ရှင်ပြုပွဲသို့ တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

မဟာဗောဓိပင်စိုက်ပျိုး

ယင်းနောက် ဝန်ကြီးသည် ကိုးနဂါးရွှေနဂါးမင်းဘုရား ရင်ပြင်တော်ပေါ်၌ မဟာဗောဓိပင်ကို အမှတ်တရ စိုက်ပျိုးပေးပြီး (၄၂)ကြိမ်မြောက် လီဆူးနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လီဆူးတိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ် ပြန်/ဆက်ဦးစီးဌာန နယ်လှည့် စာဖတ်ခန်းဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖေဖော်ဝါရီ၂၂ ရက် နံနက် ၉ နာရီက သာသနာ့ရိပ်သာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အသင်းအဖွဲ့အသီးသီးမှပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် သာသနာ့ရိပ်သာ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်စိုးကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဟောပြောသည်။

ဖွင့်လှစ်ပြသ

ဆက်လက်၍ သာသနာ့ရိပ်သာရပ်ကွက်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ရုံး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲရုံးနှင့် ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတို့တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ဖွင့်လှစ်ပြသခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

26-2 (03) 1 2/26/07, 2:41 PM

ဗီယက်နမ်၏ စီးပွားရေးလုပ်ငန်းများ၌ ပြည်ပမှ ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံနေ

ဟန္နွိုင်း ဖေဖော်ဝါရီ ၂၅

ဗီယက်နမ်နိုင်ငံသည် ပင်လယ်ပြင်စီးပွားရေးလုပ်ငန်းကို သီးခြားစီမံကိန်းတစ်ရပ်အဖြစ် အမေရိကန် ဒေါ်လာ ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိနေပြီး ယင်းစီမံကိန်း အပါအဝင် ဗင်ဖွန်ပင်လယ်အောက်၌ ပင်လယ်ပြင် စီးပွားရေးဇုန် တစ်ခုကိုလည်း နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိအောင် ဆွဲဆောင်လျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံ လူငယ်သတင်းစာက ဖေဖော်ဝါရီ ၂၂ရက်၌ ဖော်ပြသည်။

လောလောဆယ်တွင် ဗီယက်နမ်နိုင်ငံ အမ်ဟိုးပြည်နယ်၌ရှိသော ဗင်ဖွန်ပင်လယ်အော်တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဂျပန်နိုင်ငံမှ ဆူမီတိုမိုကော်ပိုရေးရှင်းက ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

ရင်းနှီးမြှုပ်နှံ

အဆိုပါစီမံကိန်းတွင် မဂ္ဂါဝပ် ၂၆၄၀ စွမ်းအားရှိသည့် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ လေးဘီလီယံခန့် ကုန်ကျမည့်စီမံကိန်းနှင့် အခြားစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံရန် ဆူမီတိုမိုက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်း

ထို့အပြင် နိုင်ငံတကာ ဆိုက်ရောက်ကွန်တိန်နာ ဆိပ်ကမ်းတစ်ခု တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၉၆ သန်းတန် စီမံကိန်းတစ်ခုလည်း ပါဝင်ကြောင်း သိရသည်။

အကြီးမားဆုံး

အဆိုပါ စီးပွားရေးဇုန်အတွင်း တစ်နှစ်လျှင် တန်ချိန် လေးသန်းနှင့် ရှစ်သန်းထုတ်လုပ်သော သံမဏိထုတ်လုပ်ရေး စီမံကိန်း တစ်ခုကိုလည်း ကမ္ဘာ့တတိယ အကြီးမားဆုံး သံမဏိထုတ်လုပ်သော လုပ်ငန်းဖြစ်သည့် တောင်ကိုရီးယားမှ ပိုစကိုကလည်း အမေရိကန်ဒေါ်လာ လေးဘီလီယံခန့်ကို ပထမဦးစွာ ရင်းနှီးမြှုပ်နှံမည် ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တောင်ဝင်ရိုးစွန်း အန္တာတိကရေခဲပြင်အောက် ရေကန် လေးကန်ထပ်မံတွေ့ရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၅

တောင်ဝင်ရိုးစွန်း အန္တာတိကရေခဲပြင်အောက်၌ ကြီးမားသော ရေကန် လေးကန်ရှိကြောင်း သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။

ထိုရေကန် လေးကန်ပေါင်းလျှင် ဗော့စတော့ရေကန်ကြီးပမာဏအထိ ကြီးမားသည်။ ဗော့စတော့ရေကန်ကြီးမှာ တောင်ဝင်ရိုးစွန်းဒေသ**(အပေါ်ပုံ)**၌ ယခုအထိ ရှာဖွေတွေ့ရှိသမျှ အကြီးဆုံး ရေကန်ကြီးဖြစ်သည်။

ကုန်းတွင်းပိုင်း ရေခဲပြင်ကို ပင်လယ်တွင်းသို့ မည်သို့လျင်မြန်စွာ ရွေ့လျားစီးဆင်းစေသည်ကို နောက်ဆုံးတွေ့ရှိသည့် ရေကန် လေးကန်က ဖော်ပြပေးသလိုရှိသည်ဟု သုတေသီများက ပြောကြားသည်။

ရေခဲမြစ်ညာ၌ ရေခဲပြင်သည် တစ်နှစ်လျှင်နှစ်မီတာမှ သုံးမီတာ အထိသာ ရွေ့သော်လည်း၊ ထိုရေကန် လေးကန်ကို ဖြတ်ကျော်စဉ် တစ်နှစ်လျှင် မီတာ ၅၀ ခန့်အထိ ပိုမိုလျင်မြန်စွာ ရွေ့လျားစီးဆင်းသည်။ ထို့ကြောင့် ရာသီဥတု ပြောင်းလဲမှုကို ဤရေကန် လေးကန်က ရိုက်ခတ်အကျိုးသက်ရောက်သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဝန်ကြီးချုပ်၏နုတ်ထွက်လွှာ အီတလီသမ္မတ ပယ်ချခဲ့

ရောမ ဖေဖော်ဝါရီ ၂၅

အီတလီ သမ္မတ ဂျော်ဂျီယို နပိုလီတာနိုက ဝန်ကြီးချုပ် ရိုမာနို ပရော့ဒီ၏ ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်လွှာ တင်မှုကို စနေနေ့က ပယ်ချလိုက်ကြောင်း ၎င်းသည် ပါလီမန်တွင် ယုံကြည်မှုရအောင် ကြိုးပမ်းရမည် ဖြစ်ကြောင်း ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

သမ္မတ နပိုလီတာနိုက လွှတ်တော်အမတ်များ၊ ပါတီခေါင်းဆောင်များ၊ ယခင်အစိုးရ အကြီးအကဲဟောင်းများနှင့်မည်ကဲ့သို့ အကျပ်အတည်းများကိုဖြေရှင်းရန် နှစ်ရက်ကြာ ဆွေးနွေးခဲ့ပြီးနောက် အထက်ပါအတိုင်း ဝန်ကြီးချုပ်၏ နုတ်ထွက်လွှာကို ပယ်ချလိုက်ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ပရော့ဒီသည် အာဖဂန်နစ္စတန်နိုင်ငံတွင် တပ်များ ဆက်လက်ထိန်းထားရန် အစီအစဉ်အပါအဝင် လွှတ်တော်တွင် နိုင်ငံခြားရေးမူဝါဒအပေါ် ထောက်ခံမှု မရခဲ့သဖြင့် နုတ်ထွက်လွှာတင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရထားလမ်းချော်တိမ်းမှောက်

ဗြိတိန်နိုင်ငံမြောက်ပိုင်းရှိ ကန်ဒယ်လ်မြို့အနီးတွင် အမြန်ရထားတစ်စီး လမ်းချော်တိမ်းမှောက်သွားသည်ကို ဖေဖော်ဝါရီ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ရုရှား ကမ္ဘာ့လှည့်ခရီးသွား အမျိုးသမီးနှစ်ဦး ထိုင်းနိုင်ငံ ပတ္တရားမြို့ အပန်းဖြေကမ်းခြေ၌ ပစ်သတ်ခံရ

ဗန်ကောက် ဖေဖော်ဝါရီ ၂၅

ထိုင်းနိုင်ငံ အရှေ့ဘက်ရှိ ပတ္တရားမြို့ အပန်းဖြေကမ်းခြေတွင် ဖေဖော်ဝါရီ ၂၄ရက်က ရုရှားနိုင်ငံသား အမျိုးသမီး နှစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရပြီး သေဆုံးခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

စုံစမ်းဆဲ

ပစ်သတ်ခံရသည့် ရုရှားအမျိုး သမီးနှစ်ဦးမှာ အသက်၂၅နှစ်နှင့် အသက် ၃၀အရွယ်ရှိကြပြီး ဂျွန်တီယန် ကမ်းခြေရှိ ပက်လက်ကုလားထိုင်များပေါ်တွင် ထိုင်လျက် သေဆုံးနေကြသည်ကို ထိုင်းရဲတပ်ဖွဲ့က တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။ သေဆုံးသူများ၏ လက်ကိုင်ဖုန်းနှင့် ပိုက်ဆံအိတ်များကို သေနတ်သမားများက ယူဆောင်သွား ခြင်းမရှိကြောင်း၊ ပစ်သတ်ခံရမှုနှင့် ပတ်သက်၍ စုံစမ်းဆဲဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

အပန်းဖြေရာ

ပတ္တရားမြို့သည် ဗန်ကောက်မြို့မှ မိုင် ၉၀ခန့်အကွာတွင်ရှိပြီး ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေရာ ဂျွန်တီယန် ကမ်းခြေရှိသည့် မြို့ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

သံလမ်းချွတ်ယွင်းမှု အမြန်ရထားတိမ်းမှောက်

ဂရေးရစ် ဖေဖော်ဝါရီ ၂၅

ဗြိတိန်နိုင်ငံ မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၂၃ရက်က ခရီးသည်တင် အမြန်ရထားတစ်စင်း မီးရထား သံလမ်းချွတ်ယွင်းမှုကြောင့် တိမ်းမှောက်သွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းအမြန်ရထားတိမ်းမှောက်မှုကြောင့် အသက် ၈၅နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦး သေဆုံးပြီး ခရီးသည် ၂၂ဦးဒဏ်ရာရရှိခဲ့ကာ ငါးဦး ဆေးရုံသို့ တင်ပို့ထားရကြောင်း သိရသည်။

အဆိုပါအမြန်ရထားသည်လန်ဒန်မြို့မှ ဂလက်စ်ဂိုမြို့သို့ မောင်းနှင်နေစဉ် ရထားသံလမ်းများချွတ်ယွင်းမှုကြောင့် တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ရထားတွဲများအတွင်းမှ ခရီးသည် ၁၀၀ခန့်ကို ကယ်ဆယ်ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

အင်တာနက် – ကျန်းမာရေး

အနက်ရောင်ရှိသော အစားအစာများ ပုံမှန်စားလျှင် အမျိုးသမီးများ ဆံပင်ကျွတ်ခြင်းနှင့် ဖြူခြင်းကိုကာကွယ်နိုင်

ဘာလင် ဖေဖော်ဝါရီ ၂၅

အသက်အရွယ် ကြီးရင့်လာသည့် အမျိုးသမီးကြီးများအနေဖြင့် ဆံပင်ကျွတ်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် အနက်ရောင်ရှိသော ဟင်းသီးဟင်းရွက်၊ သစ်သီးနှင့်အစားအသောက်များ ပုံမှန် စားသုံးသင့်ကြောင်း ဂျာမနီသုတေသန ပညာရှင်များက ပြောကြားလိုက်သည်။

ပြောကြား

အသက် (၄၀)ကျော်လာသော အမျိုးသမီးများ **(အောက်ယာပုံ)**သည် အမျိုးသားများထက် ဆံပင်ကျွတ်ခြင်း၊ ဆံပင်ပါးခြင်းများ ပိုမိုဖြစ်ပေါ်လေ့ရှိကြောင်း၊ ယင်းမှာ အမျိုးသမီးများအနေဖြင့် ဆံပင်အိတ်များအတွင်း ဆံပင်ရှင်သန်မှုကို ဖြစ်စေသောဓာတ်များ လျော့နည်း၍ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အကာအကွယ်ပေးနိုင်

အနက်ရောင်ရှိသော အစာများဖြစ်သည့် နှမ်းနက်၊ ကျောက်ကျောကဲ့သို့သော အစားအသောက်များကို သီတင်းတစ်ပတ်လျှင် သုံးရက်ခန့်ပုံ မှန်စားသုံးသွားပါက ဆံပင်ကျွတ်ခြင်းအပြင် ဆံပင်အချိန်စောစီးစွာဖြူခြင်းကိုလည်း အကာအကွယ်ပေးကြောင်း ဂျာမနီ သုတေသနပညာ၏ တွေ့ရှိချက်၌ဖော်ပြထားသည်။

တွေ့ရှိ

အနက်ရောင်ရှိသော အစားအစာများကို ပုံမှန်စားသုံးသူ အမျိုးသမီး ၄၀၀၀ ကို သုတေသနပြုခဲ့ရာ ၆၀ ရာခိုင်နှုန်းသည် ဆံပင်ကျွတ်ခြင်းနှင့် ဆံဖြူခြင်း တို့ကို ကာကွယ်ပေးနိုင်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ **(အင်တာနက်)**

အငြိမ်းစားယူချိန်နှင့် အလုပ်ထုတ်ခံရချိန်တွင် ဆီးချိုရောဂါဖြစ်ပွားမှု ပိုမိုများပြားနိုင်

တဲလ်အဘစ် ဖေဖော်ဝါရီ ၂၅

တာဝန် ထမ်းဆောင်လျက်ရှိသော အလုပ်မှအငြိမ်းစားယူချိန် သို့မဟုတ် အလုပ်မှ ထုတ်ပယ်ခြင်းခံရသည့် အချိန်များ၌ လူတို့တွင် ဆီးချိုရောဂါ ဖြစ်ပွားမှုနှုန်း ပိုမိုတိုးမြင့်တတ်ကြောင်း အစ္စရေးသုတေသနပညာရှင်များက ပြောကြားသည်။

အခွင့်အလမ်းပိုများ

အထူးသဖြင့် လူလတ်ပိုင်းအရွယ်တွင် အလုပ်မှထုတ်ပယ်ခံရခြင်း ကြုံတွေ့ရလျှင် ဆီးချိုရောဂါဖြစ်ပွားမှု အခွင့်အလမ်း ပိုမိုများကြောင်း အလုပ်သမား ၆၇၇ဦးကို သုတေသနပြုကြည့်ရာမှ တွေ့ရှိရသည်ဟု ၎င်းတို့ကဆိုသည်။

ထိုသို့သောအခြေအနေနှင့်ကြုံတွေ့ရပါက သွေးအတွင်းရှိဆဲလ်များ ထိခိုက်စေပြီး သွေးဖိအားလည်းမြင့်တက်ကာ သွေးအတွင်း ကလပ်စည်းများ ပျက်စီးမှုကြောင့် ဆီးချိုနှင့်သွေးချိုရောဂါများ ဖြစ်ပွားမှုနှုန်း များတတ်သည်ဟု အစ္စရေး သုတေသနပညာရှင် ဒေါက်တာဆမ်မြူလီမီလမ်က ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့သတင်းအကျဉ်း

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ (မြန်မာ့အလင်း)

ကမ္ဘာတစ်ဝန်း သီတင်းတစ်ပတ်အတွင်းဖြစ်ပွားခဲ့သော ထူးခြားသတင်းဖြစ်ရပ်များအနက်မှ စိတ်ဝင်စားဖွယ် သတင်းများကို မြန်မာ့အလင်းပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

ဖေဖော်ဝါရီ ၁၉ ရက် – ရုရှားနိုင်ငံသည် ၂၀၀၇ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း လက်နက်ဝယ်ယူရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၁၈၉ ဘီလီယံအထိ သုံးစွဲမည်ဖြစ်ကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်လိုက်သည်။ ၂၀၀၇ ခုနှစ်တွင် ဒုံးကျည်အသစ် ၁၇ လုံးဝယ်ယူမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း ဒုံးကျည် ၃၄ လုံး ထပ်မံဝယ်ယူသွားမည်ဟု ၎င်းသတင်း၌ ဆက်လက်ဖော်ပြသည်။

– ဂျပန်နိပွန်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်ဘိုးရင်း၇၃၇–၇၀၀ဖြင့် ဂျပန်–တရုတ်၊ ဂျပန်–အိန္ဒိယခရီးစဉ်များကို ပြေးဆွဲမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ အဆိုပါ လေယာဉ်သစ်များဖြင့် ဂျပန်နိုင်ငံ နာဂိုယာမြို့မှ တရုတ်နိုင်ငံ ဂေါင်ဇူမြို့သို့ လည်းကောင်း၊ နာဂိုယာမြို့မှ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့လည်းကောင်း ပြေးဆွဲမည်ဖြစ်သည်။ (အောက်ပုံ)

ဖေဖော်ဝါရီ ၂၀ ရက် – တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းနှင့် ကုမ္ပဏီများအား နိုင်ငံရပ်ခြားတွင် ရင်းနှီးမြှုပ်နှံခွင့်ပြုမှုကို တရုတ်အစိုးရက ခွင့်ပြုလိုက်သည်။ ထိုသို့ခွင့်ပြုလိုက်သဖြင့် လောလောဆယ်တွင် ပြည်ပ၌ရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံခန့်ရှိမည်ဖြစ်ကြောင်း၊ ပြည်ပ၌ ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ကြောင်း တရုတ်အစိုးရ အစီရင်ခံစာ၌ ဖော်ပြသည်။

– ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိန္ဒိယနိုင်ငံသို့ အသင့်လုပ်အဝတ်အထည်များ တင်ပို့ရောင်းချမှုမှာ အမေရိကန်ဒေါ်လာ ခြောက်သန်းဖိုးရှိခဲ့ရာ ယင်းမှာ တောင်အာရှဒေသကုန်သွယ်ရေး သဘောတူညီမှုစာချုပ်အရဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၂၁ ရက် – အင်ဒိုနီးရှားနိုင်ငံတွင် လာမည့် ၂၀၁၀ ပြည့်နှစ်အတွင်း နျူကလီးယားစွမ်းအင်စက်ရုံ တစ်ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ နည်းပညာနှင့် တည်ဆောက်မှုများကို အမေရိကန်၊ ပြင်သစ်၊ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့ဖြင့် ပူးတွဲတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

– လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နှင့် တောင်အာဖရိက နှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီလိုက်သည်။ တောင်အာဖရိကနိုင်ငံတွင် လေ့ကျင့်မှု၊ သင်တန်းပေးမှုများကို ဂျပန်နိုင်ငံက ငါးနှစ်တာကာလစီမံကိန်းတစ်ရပ်အဖြစ် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး ဂျပန်နိုင်ငံမှအတတ်ပညာရှင်များအဖွဲ့ကို လာမည့်မတ်လ၌ တောင်အာဖရိကနိုင်ငံသို့စေလွှတ်ပေးမည်ဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၂၂ ရက် – ဗီယက်နမ်နိုင်ငံ၏ မော်တော်ကားလမ်းများအဆင့်မြှင့်တင်ရေးအတွက် ၂၀၀၇ ခုနှစ်နှင့် ၂၀၁၃ခုနှစ်အကြား အမေရိကန်ဒေါ်လာ ၃၁၂ သန်း အကုန်အကျခံကာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

– အင်ဒိုနီးရှားနိုင်ငံတွင် ခရီးသည်တင်လေယာဉ်တစ်စင်း မတော်တဆဖြစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် ဘိုးရင်း ၇၃၇–၃၀၀ လေယာဉ်များအား လုံခြုံမှုနှင့်ဘေးကင်းမှုများဆိုင်ရာ မြေပြင်စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားလေကြောင်းအာဏာပိုင်များက သတင်းထုတ်ပြန်လိုက်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ခရီးသည်လေယာဉ်သုံးစင်းမှာ ခြောက်လအတွင်း မြေပြင်အဆင်း၌ မတော်တဆဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်။

ဖေဖော်ဝါရီ ၂၃ ရက် – မလေးရှားနိုင်ငံက ပြည်ပမှသစ်သီးများတင်သွင်းမှုကို ရပ်ဆိုင်းရန်ကြိုးစားသည့်အနေဖြင့် ပြည်တွင်း၌ နာနတ်သီးများတိုးချဲ့စိုက်ပျိုးထုတ်လုပ်မည်ဟု မလေးရှားအစိုးရက သတင်းထုတ်ပြန်လိုက်သည်။ မလေးရှားနိုင်ငံတွင် လောလောဆယ်၌ နာနတ်သီးစိုက်ဧက ဟက်တာ ၁၅၀၀၀ ဟက်တာ ၃၀၀၀၀ အထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပြီး တစ်နှစ်လျှင် နာနတ်သီး တန်ချိန် တစ်သန်းထွက်ရှိရန် ရည်မှန်းထားသည်။

– လုံခြုံရေးစိတ်မချရသောအနေအထားကြောင့် လန်ဒန်မြို့ရှိအမေရိကန်သံရုံးအား လန်ဒန်မြို့ သိမ်းမြစ်အနီး စစ်အခြေစိုက်စခန်းအဟောင်းနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း လန်ဒန်မြို့ အာဏာပိုင်များက သတင်းထုတ်ပြန်လိုက်သည်။

ဖေဖော်ဝါရီ ၂၄ ရက် – နိုင်ဂျီးရီးယားနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၅ သန်းကုန်ကျခံကာ အမျိုးသား စာကြည့်တိုက်တစ်ခု ထူထောင်မည်ဖြစ်ပြီး ၎င်းစာကြည့်တိုက်သည် နိုင်ငံတကာအဆင့်မီ နည်းပညာရပ်များအသုံးပြုထားသည့်စာကြည့်တိုက်ဖြစ်ပြီး အာဖရိကတိုက်တွင် အကောင်းဆုံး စာကြည့်တိုက်ကြီးတစ်ခုအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားအစိုးရက သတင်းထုတ်ပြန်သည်။

– **အပြည်ပြည်ဆိုင်ရာသဘာဝအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးညီလာခံကို တရုတ်နိုင်ငံ ကျူကျိဂူမြို့၌ စတင်ကျင်းပသည်။** ကမ္ဘာ့နိုင်ငံအသီးသီးမှ ကိုယ်စားလှယ် ၆၀၀ ကျော် တက်ရောက်ခဲ့ပြီး သဘာဝအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအပေါ် သုံးရက်ကြာ ဆွေးနွေးခဲ့ကြသည်။ တစ်ကမ္ဘာလုံးတွင် သဘာဝအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး နေရာ ၁၆၂ ခုရှိပြီး အကြီးဆုံးသဘာဝအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှုနေရာမှာ တရုတ်နိုင်ငံ ကျူကျိဂူမြို့ပင်ဖြစ်သည်။



ဖေဖော်ဝါရီ ၂၅ ရက် – အသစ်တွေ့ရှိရသော အရန်နေဂြိုဟ်ငယ်တစ်ခုကို နာဆာအဖွဲ့က ပုံရိပ်တစ်ခုထုတ်ပြန်လိုက်သည်။ ၎င်းအရန်နေဂြိုဟ်ငယ်သည် ကမ္ဘာဂြိုဟ်မှအလင်းနှစ် သန်း၁၅၀ခန့်အကွာတွင် ရှိနေပြီး စူးရှသော အလင်းရောင်များ အရှိန်ညီးညီးထုတ်လွှတ်လျက်ရှိကြောင်း နာဆာက ထုတ်ပြန်သောသတင်း၌ ဖော်ပြလိုက်သည်။ (အပေါ်ပုံ) (အင်တာနက်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၉)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၉)တွင် အေးဂျင့်များဘက်မှ မမှန်မကန် စာချုပ်ချုပ်ဆိုမှုများကြောင့် မြန်မာလုပ်သားများ ပြည်ပတွင်နစ်နာရ၊ လာရောက်ထုတ်ခြင်းမရှိသည့် ကျပ်သိန်း ၃၀၀ ဆုကြီးကို ဘဏ္ဍာအဖြစ်သိမ်းမည်၊ တီဘီရောဂါဖြစ်ပွားနေသူ မြန်မာနိုင်ငံသား ၁၀၀ တွင် ၂၅ ရာခိုင်နှုန်းမှာ မိမိတွင် ရောဂါပိုးရှိမှန်း မသိကြ၊ မြန်မာနိုင်ငံတွင် စားသုံးဆီကဏ္ဍဖွံ့ဖြိုးရေး ကန်ဒေါ်လာ ၁၂ဒသမ၃ သန်း အိုပက်က ထောက်ပံ့မည်၊ ယခုနှစ်တွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၌ လျှပ်စစ်မီတာရှစ်သောင်းခန့် တပ်ဆင်ပေးမည်၊ စားသုံးသူများ၏ အခွင့်အရေးကာကွယ်ပေးသည့်ဥပဒေ မြန်မာနိုင်ငံတွင် လိုအပ်နေ၊ မည်သည့်ဘွဲ့ရမဆို ကွန်ပျူတာဒီပလိုမာကို အွန်လိုင်းပေါ်တွင် သင်ယူလေ့လာနိုင်မည် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

"စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ကျက်စားရာ စားကျက်တစ်ခု" အားကစားဆောင်းပါးနှင့်အတူ ကိုရီးယားဖျော်ဖြေရေးလုပ်ငန်း စိတ်ဖိစီးမှုကြောင့် ကြေကွဲစရာများနှင့်ကြုံနေရ၊ ဗြိတိန်မင်းသားလေး ဟယ်ရီ အီရတ်သို့စစ်ထွက်ရဖွယ်ရှိ၊ အာဆီယံအနှစ်လေးဆယ်ပြည့်လိုဂို "မူလက္ခဏာပြဌာန်း၊ လေကြောင်းလိုင်းများက သုဝဏ္ဏဘူမိလေဆိပ်၌ပင် နိုင်ငံတကာခရီးစဉ်များကို ထားလို၊ လေဆိပ်လုံခြုံရေးကို အရူးလုပ်သော ခွေးကလေးဖမ်းမိပြီစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Emprie Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်နှင့် နန်ဂါယာပြည်နယ်တို့၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုပြောကြားလိုက်သည်ကို ဖေဖော်ဝါရီ ၂၅ ရက်က အင်တာနက်၌ ဖော်ပြသည်။

လတ်ဗီးယားနိုင်ငံ အနောက်ပိုင်းရှိ လူအိုရုံတစ်ခု၌ မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံးလူ ၂၅ ဦးသေဆုံးသွားကြောင်း ဖေဖော်ဝါရီ ၂၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံက ယခုလကုန်ပိုင်းတွင် ပိုမိုထိရောက်ပြီး ပုံမှန်ဈေးနှုန်းထက် တစ်ဝက်ခန့်သက်သာသည့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ဆေးပြား နှစ်သိန်းထုတ်လုပ်မည်ဖြစ်ကြောင်း နေးရှင်းသတင်းစာတွင် စနေနေ့က ဖော်ပြသည်ကို ဖေဖော်ဝါရီ ၂၅ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း၌ အသေခံဗုံးခွဲ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ အနည်းဆုံးလူ ၄၀ သေဆုံးပြီး ၃၀ ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်ကို ဖေဖော်ဝါရီ ၂၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အာဖရိကတိုက်၏ အကြီးမားဆုံးသော ရုပ်ရှင်ပွဲတော်ကို ဘာကီနိုဖာဆို၏ မြို့တော် အော်ဒါဒေါ်ကူမြို့၌ ဖွင့်လှစ်ရာ အာဖရိကတိုက်တစ်ဝန်းမှ အကောင်းဆုံးရုပ်ရှင်ကား ၂၀၀ ပါဝင်ပြသခဲ့ကြောင်း ဖေဖော်ဝါရီ ၂၅ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

အီရန်နိုင်ငံက ပထမဆုံးသောဒုံးပျံတစ်စင်းကို အောင်မြင်စွာ လွှတ်တင် လိုက်နိုင်ပြီဖြစ်ကြောင်း အီရန်ရုပ်မြင်သံကြားက ကြေညာခဲ့သည်ကို ဖေဖော်ဝါရီ ၂၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

မျိုးဆက်သစ်အင်ဂျင်နီယာ ဗိသုကာပညာရှင်များကို မြေတောင်မြှောက်ပေးခြင်းဖြင့် မြန်မာအင်ဂျင်နီယာ နည်းပညာစွမ်းပကားကို နိုင်ငံနှင့်လူမျိုးအတွက် ထိရောက်စွာအသုံးချ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အသင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ပရိဝုဏ်အပြင်ဘက်ရှိ အသင်းဆိုင်းဘုတ်ရှေ့၌ ကျင်းပရာ မင်္ဂလာအချိန်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ မြေညီထပ်၌ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များ၏ ကုမ္ပဏီများနှင့် စက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်သည့် စက်မှုဘက်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ ပြခန်းကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အဆောက်အအုံ တတိယထပ်ရှိ စုံညီခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအတွက်ရော နိုင်ငံတော်အတွက်ပါ ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်တစ်ရက် ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ကျင်းပနိုင်ခြင်း အတွက် ဂုဏ်ယူဝမ်းမြောက်ရကြောင်း၊ထို့အပြင် မြန်မာနိုင်ငံ ဗိသုကာနှင့် အင်ဂျင်နီယာလောက၏ သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် အရည်အသွေးပြည့်ဝပြီး အဆင့်အတန်းမြင့်သည့် အင်ဂျင်နီယာများ ပေါ်ထွန်းလာရေးအတွက် တစ်ဖက်တစ်လမ်းမှ ပိုမိုပံ့ပိုး ဆောင်ရွက်သွားနိုင်တော့မည်ဟု ယုံကြည်ကြောင်း။

တိုးတက်အောင်မြင်

အင်ဂျင်နီယာများသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ကဏ္ဍပေါင်းစုံကနေ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်များဖြစ်ကြသည့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား၊ လမ်း၊တံတား၊ ဆည်မြောင်းတာတမံ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ၊ စက်ရုံအလုပ်ရုံနှင့် စက်မှုဇုန်များ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် အခြား ကဏ္ဍအမျိုးမျိုးတို့တွင် တစ်တပ်တစ်အား ပါဝင်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း လုပ်ငန်းနယ်ပယ် အသီးသီးမှာရှိနေကြသည့် ဗိသုကာပညာရှင်များအပါအဝင် အင်ဂျင်နီယာများ အားလုံး၏ စွမ်းပကားသည် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် နက်နက်ရှိုင်းရှိုင်း ပါဝင်ဆောင်ရွက်ကြကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်အစိုးရ အနေဖြင့်လည်း နည်းပညာတက္ကသိုလ်များကို နိုင်ငံတော် အနှံ့အပြားမှာ ဖွင့်လှစ်ပြီး မျိုးဆက်သစ်အင်ဂျင်နီယာ အမြောက်အမြားကို ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိကြောင်း။

ကောင်းစွာအကျိုးပြု

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် မိမိ၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် အင်ဂျင်နီယာဘာသာရပ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပို့ချချက်များ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများ တော်တော်များများကိုလည်း ကျင်းပနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ယင်းဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများသည် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်မှုများ၊ ဗဟုသုတများနှင့် နောက်ဆုံးပေါ်နည်းပညာများကို ရရှိစေပြီး နိုင်ငံတော်အတွက် ကောင်းစွာ အကျိုးပြုနိုင်မှာ ဖြစ်ကြောင်း။

ယခုဆိုလျှင် အသင်း၌ အသင်းဝင် အင်ဂျင်နီယာပေါင်း ၁၂၀၀၀ကျော်ရှိပြီး ယင်းအသင်းဝင်များသည် အစိုးရဌာနများ၊ နည်းပညာတက္ကသိုလ်များ၊ ပုဂ္ဂလိက အင်ဂျင်နီယာကုမ္ပဏီများ၊ ကျောင်းသူ ကျောင်းသားများ၊ စက်မှုဇုန်များမှ လုပ်ငန်းရှင်များနှင့် အခြား စိတ်ပါဝင်စားသူများဖြစ်သည်ဟု သိရကြောင်း၊ ဤသည်ကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် တောင့်တင်းခိုင်မာသည့် အမျိုးသား အင်အားစုတစ်ရပ်အဖြစ် တည်ရှိနေပြီဟု သိရကြောင်း။

ပူးပေါင်းဆောင်ရွက်ခဲ့

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် အစိုးရ ဌာနဆိုင်ရာများနှင့်လည်းကောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးရေး လုပ်ငန်းများမှာ ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်ကြသည့် ASEAN , BIMSTEC စသည့် အဖွဲ့များနှင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ပြည်တွင်းရှိ ကုမ္ပဏီအချို့နှင့် လုပ်ငန်းရှင်အချို့ကိုလည်း Energy Efficiency & Conservation နှင့် Renewable Energy ပြိုင်ပွဲများတွင် ASEANမှ ချီးမြှင့်သော ဆုတံဆိပ်များရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရှိခဲ့ရသဖြင့်ဂုဏ်ယူဝမ်းမြောက်ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ စွမ်းအင် ချွေတာရေးနှင့် ထိရောက်စွာသုံးစွဲရေး၊ အာဆီယံ+၃ တတိယအကြိမ် စုံညီအစည်းအဝေးကို စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ၂၀၀၇ခုနှစ် မတ်လ၁၅ရက်နှင့် ၁၆ရက်တို့တွင် ဤမြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပပြုလုပ်သွားရန်ရှိကြောင်း သိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း။

အကျိုးသက်ရောက်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်း၍ "မြန်မာနိုင်ငံ မြေငလျင်ကော်မတီ" တစ်ရပ်ကိုဖွဲ့စည်းပြီး မြေငလျင်နှင့် ပတ်သက်သည့် အထူးပြုလေ့လာမှုများ မကြာခဏ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသည့် အထပ်မြင့်အဆောက်အအုံများ အရည်အသွေး ထိန်းသိမ်းရေး ကော်မတီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်ငါးဦး ပါဝင်ပြီး တာဝန်ထမ်းဆောင်နေကြောင်း သိရသဖြင့် ကျေနပ် အားရမိကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအနေဖြင့် အင်ဂျင်နီယာနည်းပညာရပ်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် နည်းပညာတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်သည်များကို တွေ့ရှိရ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးပင် အကျိုးသက်ရောက်မှုရှိကြောင်း၊ နည်းပညာပြန့်ပွားရေးနှင့် တိုးတက်ရေးအတွက် အသင်းတွင် အင်တာနက်ဆားဗစ်နှင့် စာကြည့်တိုက်တစ်ခုကို ထူထောင်ထားရှိနိုင်ခဲ့သည့်အပြင် Tech Digest အပတ်စဉ်စာစောင်ကိုလည်း ထုတ်ဝေနိုင်ခဲ့ကြောင်းသိရ၍ ဝမ်းသာရကြောင်း။

မျက်ဝါးထင်ထင်

ထို့ကြောင့် "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့် ယုံကြည်ချက်နှင့်အညီ ပြည်တွင်းမှာရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များကို စုစည်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် အမျိုးသားရေး အင်အားစုများအဖြစ် ဖွဲ့စည်းပေးခဲ့ရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးကလည်း အားထားရသည့် အသင်းကြီးတစ်သင်းဖြစ်ခဲ့ပြီဆိုသည်ကို မျက်ဝါးထင်ထင် ယနေ့မြင်တွေ့နိုင်ပြီ ဖြစ်ကြောင်း။

ယုံကြည်မျှော်လင့်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံကို နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု အပါအဝင် အသင်းသူ အသင်းသားများ၊ အင်ဂျင်နီယာများနှင့် ဗိသုကာပညာရှင်များ၊ အစိုးရဌာန၊ နည်းပညာတက္ကသိုလ်များ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊စေတနာဆန္ဒအလျောက် အလှူငွေထည့်ဝင်သူများ စသည်တို့၏ ပံ့ပိုးကူညီမှုများဖြင့် တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အာဆီယံ တိုင်းပြည်များအလယ်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံသည် ခံ့ခံ့ညားညား ထည်ထည်ဝါဝါရှိသော အသင်းရုံးချုပ်အဖြစ် ပေါ်ထွက်လာခဲ့သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားလိုကြောင်း၊ ဤအသင်းနှင့် အဆောက်အအုံကို အခြေပြုပြီး နောင်မျိုးဆက်သစ် အင်ဂျင်နီယာများ၏ အရည်အသွေးနှင့် စွမ်းပကားများကို မြင့်သထက်မြင့်အောင် စွမ်းဆောင် ပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံသစ်ဖွင့်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ထို့အပြင် ယနေ့ ဆက်လက်ပြုလုပ်မည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ မျိုးဆက်သစ်အင်ဂျင်နီယာ၊ ဗိသုကာ ပညာရှင်များကို မြေတောင် မြှောက်ပေးခြင်းဖြင့် မြန်မာအင်ဂျင်နီယာအတတ် နည်းပညာစွမ်းပကားကို နိုင်ငံနှင့် လူမျိုးအတွက် အထိရောက်ဆုံး အသုံးချရင်း ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည့် အင်ဂျင်နီယာနည်းပညာများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းကြပါဟု ပြောကြားသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် [ASEAN Federation of Engineering Organization (AFEO)] မှ ASEAN Engineer Register Head Commissioner, Dr. Gue Swe See က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းခိုင်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဆောင်ရွက်ချက်အကျဉ်းချုပ်အား ရှင်းလင်းတင်ပြသည်။

ဖတ်ကြားကြေညာ

ထို့နောက် အခမ်းအနားမှူးက (၂၄)ကြိမ်မြောက် အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံတွင် ချီးမြှင့်ခဲ့သည့် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ဂုဏ်ထူးဆောင် အကြီးတန်း အသင်းသား (AFEO Honorary Fellow) ဘွဲ့ရပုဂ္ဂိုလ်၁၀ဦးနှင့် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်အသင်းသား (AFEO Honorary Member)ဘွဲ့ရ ပုဂ္ဂိုလ် ၁၀ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ယင်းနောက် AFEO Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့ရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းကိုယ်စား ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်မြင့်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့်တို့အား ASEAN Engineering Register Head Commissioner, Dr. Gue Swe See က ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်

ဆက်လက်၍ AFEO Honorary Member ဂုဏ်ထူးဆောင်ဘွဲ့ရ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နာယက ဦးကျော်တင်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာကျော်ထင်၊ တပ်မတော် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဦးသိန်းထွန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာလှသန်းနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြမြဦးတို့အား AFEO Representative Engineer, Mr.Choo Kock Beng က ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်ကို ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ ဆောက်လုပ်မှုလုပ်ငန်းနှင့်ပတ်သက်၍ ဗဟိုကော်မတီဝင် ဦးကိုကိုကြီးက ရှင်းလင်းတင်ပြသည်။

အမှတ်တရလက်ဆောင်ပေး

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ ဖြစ်မြောက်ရေးအတွက် ပါဝင်ပံ့ပိုး ကူညီခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုအမှတ်တရ လက်ဆောင်များပေးအပ်ရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက National Development Company Group Ltd.မှ ဒေါက်တာခင်ရွှေ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးကျော်စန်ဝင်းနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်တို့အား ဂုဏ်ပြုအမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်မြင့်၊ United Engineering Co., Ltd. မှ ဦးဝင်းခိုင်၊ ဦးတင့်ဆန်းနှင့် ဒေါက်တာဌေးဌေးငြိမ်း (ACE ဆောက်လုပ်ရေးကုမ္ပဏီ) တို့အား ဂုဏ်ပြု အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဦးအောင်မြင့် (G.T.I အဖွဲ့) နှင့် အဆာက်အအုံ ပုံစံရေးဆွဲပေးသော ဗိသုကာဆရာသော်တို့အား ဂုဏ်ပြု အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့်တို့က Project Director ဦးကိုကိုကြီး၊ ဆရာဦးတိုးတိုးဝင်း၊ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီ)နှင့် အလှူရှင် ဦးရန်ဟိုးတို့အား ဂုဏ်ပြု အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ အထူးဧည့်သည်တော်များနှင့် ဂုဏ်ထူးဆောင်ဘွဲ့ရ ပုဂ္ဂိုလ်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

မီးအန္တရာယ်ကာကွယ်ရေး လူတိုင်းသတိမူ ဆောင်ရွက်ကြ
ပခုက္ကူမြို့ မြို့မဈေးမီးလောင်မှု ဆိုင်ခန်း ၅၀၈ ခန်း ဆုံးရှုံးခဲ့

တွေ့ဆုံမေးမြန်းသူ-မြင့်မောင်စိုး
ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

မီးလောင်မှုများ ဖြစ်ပွားရခြင်းနှင့် စပ်လျဉ်း၍မီးသတ် ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ရဲကျော်သူ ရဲဗလ ရဲသူရ ဦးကျော်မင်းက မြန်မာ့အလင်းသို့ ဤသို့ စနစ်တကျ ရှင်းလင်း ပြသခဲ့သည်။

ရန်ကုန် ဖေဖော်ဝါရီ ၂၅

"သူခိုးခိုး၍ မကုန်၊ မီးခိုး၍သာ ကုန်သည်"ဟူသော ဆိုရိုးစကားသည် အလွန်မှန်ပေစွ။ ပစ္စည်းများ သူခိုးခိုးလျှင် ကျန်သေးသည်။ မီးခိုးမှု၊ မီးလောင်မှုကြုံရပါက ရှိရှိသမျှ ပစ္စည်းဥစ္စာများ တစိုးတစိမျှ မကျန်၊ အကုန်ပြုတ်ပြုတ်ပြုန်းတော့သည်။

သတိနှင့်ဆင်ခြင်သုံးစွဲ

လူတိုင်းလူတိုင်း မီးကို စနစ်တကျ သုံးစွဲသင့်သည်။ သတိရှိသင့်သည်။ **"မီးသည် သုံးတတ်လျှင် မိတ်ဆွေဖြစ်သည်၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်"** ဟူသော ဆိုရိုးစကားရှိသည်။ သို့စေကာမူ မီးကိုရန်သူဟူ၍သာ မှတ်ယူလျက် အမြဲမပြတ် သတိနှင့်ဆင်ခြင် သုံးစွဲသင့်သည်။

ယခုအခါ မီးလောင်တတ်သည့် ပူပြင်းခြောက်သွေ့သော ရာသီသို့ ကူးပြောင်းရောက်ရှိလာသည်။ မီးလောင်မှု သတင်းများကိုလည်း သတင်းစာများတွင် မကြာခဏဆိုသလိုပင် ဖတ်ရှုရသည်။ မီးလောင်မှုများ တိုးလာသည့် သဘောဖြစ်သည်။ ထို့ကြောင့် လူတိုင်းလူတိုင်း မီးဘေးအန္တရာယ်ကို သတိမူသင့်သည်။ မီးဘေးရှောင် မလောင်ခင်တား ဆိုသကဲ့သို့ပင် မီးကို မလောင်ခင်က ရှောင်သင့်သည်ကို ရှောင်ရမည်။ ဆောင်သင့်သည်ကို ဆောင်ရမည်ဖြစ်သည်။

အသိပေးတင်ပြ

မီးဘေး ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှုသတင်းများ ပြည်သူအများအား အသိပေးတင်ပြနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာနချုပ်ရုံးသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန၊ လေ့ကျင့်ရေးဌာနစု လက်ထောက်ညွှန်ကြားရေးမှူး မီးသတ်ဦးစီးမှူး ရဲကျော်သူ ရဲဗလ ရဲသူရ ဦးကျော်မင်းက ပြောကြားရာတွင် "မီးလောင်မှုကို သိပ္ပံနည်းကျ တင်ပြရလျှင် လောင်စာ၊ အောက်ဆီဂျင်နှင့် အပူရှိန်တို့ ပေါင်းစပ်ခြင်း၏ သဘောပင်ဖြစ်ကြောင်း၊ လောင်စာနှင့် အောက်ဆီဂျင်သည် နေရာတိုင်းတွင်ရှိနေကြောင်း၊ အပူရှိန်က ပံ့ပိုးလိုက်ပါက မီးလောင်မှု ဆိုတာဖြစ်ရကြောင်း၊ ယင်းအပူရှိန်ဆိုသည့်မီးကို လူတို့၏ပေါ့ဆမှု၊ နမော်နမဲ့လုပ်မှုများကြောင့် မီးလောင်မှုများ ဖြစ်ရကြောင်း" မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

ပိုမိုဂရုစိုက်သင့်

အထူးသဖြင့် ယခုအခါ ပေါ့ဆမီးမလောင်ရေး၊ ဖယောင်းတိုင်မီး၊ အမွှေးတိုင်မီး၊ ခြင်ဆေးခွေမီး၊ လျှပ်စစ်မီးများကို သတိထား၍ ဆင်ဆင်ခြင်ခြင်သုံးစွဲသင့်ကြောင်း၊ ဈေးများ၊ ကျောင်းများ၊ ရုံးများ၊ ဂိုဒေါင်၊ စက်ရုံ၊ အလုပ်ရုံများ၌ လျှပ်စစ်မီးသုံးစွဲရာတွင် စနစ်တကျ စည်းကမ်းဖြင့် သုံးစွဲသင့်ကြောင်း၊ အထူးသဖြင့် ဈေးများ၊ စက်ရုံ၊ အလုပ်ရုံများ၊ မီးပေါ့ဆမှုကြောင့် မီးလောင်ခံရပါက တန်ဖိုးများစွာ ဆုံးရှုံးတတ်၍ ပိုမိုဂရုစိုက်သင့်ကြောင်း၊ ဈေးတိုင်းဈေးတိုင်းတွင် မီးသတ်စင် (Fire point) ထားရှိပြီး သဲအိတ်၊ ရေအိတ်များ၊ မီးချိတ်၊ မီးကတ်၊ ရေတိုင်ကီ၊ အုတ်ကန်၊ မီးသတ်ဆေးဘူးများ အသင့်ထားရှိရမည် ဖြစ်ကြောင်း။ ဈေးများကို သော့အသေခတ်မထားသင့်ကြောင်း၊ ယင်းမှာ မီးသတ်များ ဝင်ရောက်ရန် ခက်ခဲ၍ မီးလောင်မှု ပိုမိုကြီးထွားစေနိုင်ကြောင်း။

ထို့အပြင် ဈေးတာဝန်ခံများ၊ ဈေးလုံခြုံရေးများက ဈေးများ မီးလောင်စေရေးအတွက် အချိန်ဖြင့် ကင်းလှည့်ဆောင်ရွက်သင့်ကြောင်း၊ ဈေးများတွင် မီးဘေးကင်းစေရေးအတွက် လုံခြုံရေးသုံး လျှပ်စစ်မီးထွန်းထားခြင်းနှင့် ပါဝါလိုင်းသုံး လျှပ်စစ်မီးဟူ၍ နှစ်လိုင်းသုံးစွဲသင့်ကြောင်း၊ ဈေးများပိတ်ချိန်တွင် လုံခြုံရေးမီးကိုသာ ထွန်းထားပြီး ပါဝါလိုင်းမီးကို ပိတ်ထားသင့်ကြောင်း၊ သို့မဟုတ်လျှင် နေ့ခင်းက ပါဝါလိုင်းကိုသုံး၍ မီးပူ၊ ပန်ကာအစရှိသည်တို့ကို မပိတ်မိဘဲ စီးပွားရေးကိစ္စများဖြင့် နမော်နမဲ့ဖြစ်ကာ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားနိုင်ကြောင်း၊ ဤနည်းအားဖြင့်လည်း ဈေးများ၊ ရုံးများ မီးလောင်ကျွမ်းခဲ့သည့် သာဓကများစွာရှိကြောင်း ဦးကျော်မင်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ထို့အပြင် ဈေးများ၊ ရုံးများ၊ စက်ရုံ၊ အလုပ်ရုံများနှင့်ကျောင်းသူ ကျောင်းသားများအား မီးဘေးကြိုတင်ကာကွယ်ရေး သင်တန်းများ အဆက်မပြတ် ပို့ချသင်ကြားပေးသင့်ကြောင်း၊ သို့မှသာလျှင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာဗဟုသုတများ တိုးပွားပြန့်ပွားလာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သက်စွန့်ကြိုးပမ်းငြိမ်းသတ်ပေးခဲ့

ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၅ နာရီ ခန့်က မကွေးတိုင်း ပခုက္ကူမြို့နယ် အမှတ်(၂) ရပ်ကွက် မြို့မဈေးကြီး မီးလောင်သည့် သတင်းကို သတင်းစာတွင် ဖတ်လိုက်ရသည်။ ဆိုင်ခန်းပေါင်း ၅၀၈ခန်း မီးလောင်ကျွမ်းခဲ့ကြောင်း၊ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၃၅၅၆ သိန်း ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်း မီးစတင်လောင်မှုမှာ ဒေါ်ကြည်သိန်း စိန်ရတနာကုန်စုံဆိုင်မှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ ယင်းမီးလောင်မှုကို သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၃၀ တို့က မီးသတ်ယာဉ်၂၇စီးဖြင့် သက်စွန့်ကြိုးပမ်း ငြိမ်းသတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုနှင့် ပတ်သက်ပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်ရသည့်အကြောင်းရင်းကို ဆက်လက်စုံစမ်းနေဆဲဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းသိရှိရသည်။

အလားတူ ဈေးမီးလောင်မှုများကို ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၄ ရက်က စစ်ကိုင်းတိုင်း ကလေးမြို့ရှိ တာဟန်းဈေးကြီး မီးလောင်ခဲ့ရာ ဆိုင်ခန်းပေါင်း ၆၀၉ ခန်း မီးလောင်ကျွမ်းခဲ့ကြောင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်ရာမှ လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလက ပဲခူးတိုင်း ဝေါမြို့ဈေး၌လည်းကောင်း၊ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလက တနင်္သာရီတိုင်း ကော့သောင်းမြို့ မြို့မဈေးသစ်၌ လည်းကောင်း၊ ဈေးမီးလောင်မှုများ ဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြထားသည်။

ဝိုင်းဝန်းကြပ်မတ်

ထိုကဲ့သို့သော ဈေးမီးလောင်မှုများ ယခင်က အချို့သော မြို့များ၌ ဖြစ်ပွားခဲ့ကြောင်းလည်း သိရသည်။ ဈေးမီးလောင်မှုများသည် တန်ဖိုးအားဖြင့် ဆုံးရှုံးမှုပိုများ၍ မီးသုံးစွဲသူများ၊ ဈေးတာဝန်ရှိသူများအနေဖြင့် အထူးဂရုစိုက်ရန် လိုအပ်လာပြီဖြစ်သည်။ ၂၀၀၇ခုနှစ် ဇန်နဝါရီလအတွင်း ပြည်နယ်နှင့်တိုင်းများတွင် မီးလောင်မှု စုစုပေါင်း ၁၁၆ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ငွေကျပ်သန်းပေါင်း ၃၉ သန်း ဆုံးရှုံးခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ ယခုအခါ မီးလောင်မှုများ ဖြစ်နိုင်သည့် ပူပြင်းခြောက်သွေ့သည့်ရာသီ ရောက်လာပြီဖြစ်သည်။ စက်ရုံ၊ အလုပ်ရုံများ၊ ဈေးများ၊ ကျောင်းများ၊ ရုံးများ မီးအန္တရာယ်ကင်းဝေးရေးအတွက် လူတိုင်းလူတိုင်း ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းဖော်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

မီးကြွင်းမီးကျန် မရှိရန်
အစဉ်သတိ အမြဲရှိ
မြို့ရွာတစ်ခွင် သာစေချင်
မီးတွင် မပေါ့နှင့်
မီးဘေးအန္တရာယ်
အစဉ်သတိပြု ကာကွယ်

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည်
မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်

ပြည်နယ်နှင့်တိုင်း အသင်းလိုက်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ Han Golf Masters Pte., Ltd. က အဓိကကူညီပံ့ပိုးသော ၂၀၀၇ခုနှစ် (၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် ည ၇နာရီက ရန်ကုန်မြို့ အင်းစိန်ရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကိုကျင်းပရာ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) က Hole-in-oneဆုရရှိသော ပဲခူးတိုင်းမှ သန်းဇော် **(အပေါ်ယာပုံ)** အား လည်းကောင်း၊ Team Captain Callaway Systemပြိုင်ပွဲတွင်၇၄ ချက်ဖြင့် ဒုတိယရရှိသော ကရင်ပြည်နယ်မှ ထွန်းထွန်းနှင့် ၇၄ ချက်ဖြင့် ပထမရရှိသော ပဲခူးတိုင်းမှ ဝင်းဗိုလ်တို့အား လည်းကောင်း၊ Individual Handicap ပြိုင်ပွဲတွင် Nett Total ၂၇၃ ချက်ဖြင့် တတိယရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း)မှ မြင့်ဇော်၊ Nett Total ၂၇၂ချက်ဖြင့် ဒုတိယရရှိသော ရန်ကုန်တိုင်းမှ ရန်နိုင်ဖြိုးနှင့် Nett Total ၂၇၂ချက်ဖြင့် ပထမရရှိသော မွန်ပြည်နယ်မှ ဇော်နိုင်တို့အားလည်းကောင်း၊ Individual Scratch ပြိုင်ပွဲတွင် Total Gross ၂၉၉ ချက်ဖြင့် တတိယရရှိသော မန္တလေးတိုင်းမှ အာကာကျော်၊ Total Gross ၂၉၅ ချက်ဖြင့် ဒုတိယရရှိသော ရန်ကုန်တိုင်းမှ ရန်မျိုးအေးနှင့် Total Gross ၂၈၀ ချက်ဖြင့် ပထမရရှိသော ရန်ကုန်တိုင်းမှ စိုးမိုးဝင်းတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Team Handicapပြိုင်ပွဲတွင် Nett Total ၈၂၁ချက်ဖြင့် ဒုတိယရရှိသော မွန်ပြည်နယ်နှင့် Nett Total ၈၁၈ချက်ဖြင့် ပထမရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း) တို့အား လည်းကောင်း၊ Team Scratch ပြိုင်ပွဲတွင် Gross Total ၉၁၀ချက်ဖြင့် ဒုတိယရရှိသော ပဲခူးတိုင်းနှင့် Gross Total ၈၈၁ချက်ဖြင့် ပထမရရှိသော ရန်ကုန်တိုင်းတို့အား ဆုများကို လည်းကောင်း အသီးသီး ချီးမြှင့်ပြီး ၂၀၀၇ခုနှစ် (၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက် တံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်း အသင်းအား တံခွန်စိုက် ဆုဖလားကြီးနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်သည်။

ပံ့ပိုးကူညီ

၂၀၀၇ ခုနှစ် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Main Sponsor မှာ Han Golf Masters Pte., Ltd.ဖြစ်၍ Co-Sponsors များ အဖြစ် Srixon ,Air Bagan , Imperial Jade Drinking Water, Heather Gate Whisky တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် နန္ဒွင်းကုန်းရပ်ကွက် ဓမ္မရတနာ သာသနာ့ရိပ်သာတွင် တတိယအကြိမ်မြောက် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကို မတ် ၁၆ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ အသက်ကိုးနှစ်မှ (၁၈) နှစ်အတွင်း သင်တန်းသား ၆၀ သာ လက်ခံမည်ဖြစ်သည်။

သင်တန်းတက်လိုသူများသည် ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ ဓမ္မရတနာ သာသနာ့ရိပ်သာ တာဝန်ခံဆရာတော် ဦးဝိမလထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ဖုန်း-၅၇၁၆၄၂သို့ ဆက်သွယ်၍ဖြစ်စေ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီ အတွင်း စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သံဃာတော်များ၊ သင်တန်းသား ရှင်သာမဏေများ၊ သိက္ခာရှင်များအတွက်လည်း အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ရည်၊ ဆေး၊ ရေနှင့်မီး အလှူများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်

တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့အတွက် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒီတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၅) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ (၆၂)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် အရာရှိ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဂီတ အနုပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးပြတပ်ရေးက ဦးဆောင်၍ ပြိုင်ပွဲဝင် စစ်တီးဝိုင်း အသင်းများက စစ်ရေးပြကွင်းအတွင်း၌ နေရာယူကြပြီး စစ်ရေးပြမှူးက နေရာယူကာ စစ်ရေးပြတပ်ရေးက တန်းအပ်သည်။

နိုင်ငံတော်အလံအလေးပြု

ဆက်လက်၍ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများမှ စစ်သည်များ၏ အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် နိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများမှ စစ်သည်များက သစ္စာလေးချက် ရွတ်ဆိုကြသည်။

အမှာစကားပြော

ထို့နောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက အမှာစကားပြောကြားသည်။

ယင်းနောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးအား ပြိုင်ပွဲဝင်စစ်တီးဝိုင်း အသင်းများမှ စစ်သည်များက အလေးပြုကြသည်။

ထို့နောက် စစ်ရေးပြမှူးက တန်းဖြုတ်ခွင့် တောင်းခံပြီး တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌသည် အလေးပြုခံစင်မြင့်မှ ပြန်လည်ထွက်ခွာသွားကာ ပြိုင်ပွဲဝင်စစ်တီးဝိုင်း အသင်းများသည်လည်း စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ဂုဏ်ပြုဆုငွေပေးအပ်

ယင်းနောက် နိုင်ငံတော်စစ်တီးဝိုင်းက သရုပ်ပြဖြေဖျော်ပြီး တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တပ်မတော် အရာရှိကြီးများ၊ ဂီတအနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

၃၉ သင်း ပါဝင်ယှဉ်ပြိုင်

အဆိုပါ (၁၅)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ တိုင်းစစ်ဌာနချုပ်များနှင့် ခြေမြန်တပ်မဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၃၉ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ၂၆ ရက်မှ မတ် ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထီးတော်တင်လှူပွဲနှင့် တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သိဒ္ဓိလမ်း အောင်ဘုန်းပွင့်တောင် အောင်သိဒ္ဓိ ပါဠိကျောင်း (ရာသက်ပန်သက်သတ်လွတ်) ကျောင်းတိုက်တွင် တည်ထားကိုးကွယ်သော မိဘကျေးဇူးဆပ် အောင်ဘုန်းပွင့် တာဝတိံသာစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ ထီးတော်တင်လှူပွဲ၊ အောင်ခြင်းရှစ်ပါး တန်ဆောင်းအားရေစက်ချအလှူတော်နှင့် ဓမ္မပူဇာသဘင် အလှူတော် မင်္ဂလာကို တပေါင်းလပြည့် မတ်၂ရက် (သောကြာနေ့) နံနက်၈နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ တပေါင်းလပြည့်နေ့ညတွင် ဓမ္မကထိက ဗဟုဇနဟိတရေဓမ္မဒူတအရှင်ဆေကိန္ဒကလည်းကောင်း၊ လပြည့်ကျော် ၁ ရက်ညတွင် ရွှေစင်တိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မြင်းခြံဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရကလည်းကောင်း၊ လပြည့်ကျော် ၂ ရက်ညတွင် နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ စစ်ကိုင်းရွှေဟင်္သာ ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်တို့က တရားဒေသနာတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၆-၂-၂၀၀၇ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Grammar made Easy
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (မြန်မာစာအထူးပြု) [မြန်မာစာ]
၁၇း၁၀ ၆။ အကပဒေသာ
၁၇း၂၀ ၇။ မြန်မာစာ မြန်မာစကား
၁၇း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၁၇း၄၀ ၉။ **"ဟွန်းသံ"** (ရောနှင့်ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-သက်တင်)
၁၇း၄၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇း၅၅ ၁၁။ ရှုဖွယ်စုံညီ မြန်မာပြည် (အပိုင်း-၁)
၁၈း၀၀ ၁၂။ ညနေခင်းသတင်း
၁၈း၂၀ ၁၃။ မိုးလေဝသအခြေအနေ
၁၈း၂၅ ၁၄။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉း၀၀ ၁၅။ စက်မှုထုတ်ကုန် မုံရွာစက်မှုဇုန်
၁၉း၁၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမ ငယ်ပါသေး"** (အပိုင်း-၁၉)
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၂၇)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အီရတ်အနောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ ၄၅ ဦးသေဆုံး၊ ၁၁၀ ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၅

အီရတ်နိုင်ငံအနောက်ပိုင်း ဟက်ဘာနီရပ်မြို့အနီး၌ ဖေဖော်ဝါရီ၂၄ ရက်က ကုန်တင်ယာဉ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ လူပေါင်း ၄၅ ဦး သေဆုံးပြီး ၁၁၀ ဒဏ်ရာရရှိသွားကြောင်း ရဲအဖွဲ့သတင်းရပ်ကွက်က ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားလိုက်သည်။

ယင်းကုန်တင်ယာဉ်ဖြင့် တိုက်ခိုက်သည့်ဗုံးသည် အလွန်အားပြင်းပြီး ဖေဖော်ဝါရီ၂၄ ရက် ညနေ ၃ နာရီခွဲက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အနီးအနားရှိ အဆောက်အအုံများ၊ ဈေးဆိုင်များအားလုံးနီးပါး ပြိုကျသွားပြီး လူများအတုံးအရုံး လဲကျသေဆုံးခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ (ကိုးကား-အင်တာနက်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်းစစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး ကြပ်မတ်ကြသည်။

ကြည့်ရှုစစ်ဆေး

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass) ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ လိုက်နာဆောင်ရွက်ခြင်းရှိမရှိနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ခိုက်ပျိုးရေးလုပ်ငန်းကို ဖိဖိစီးစီးဆောင်ရွက်

မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်

ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၈ရက် မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေတပ်နယ်ရှိ ဗန္ဓုလ ခန်းမ၌ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံသည်။

ရှင်းရှင်းနီးနီး

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်တို့ကို ဒေသခံပြည်သူများနှင့် အတူ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်တို့ကဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး တက်ရောက် လာကြသူများအား ရှင်းရှင်းနီးနီး နှုတ်ဆက်သည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်အဖွဲ့ဝင်များလိုက်ပါလျက် စစ်တွေတပ်နယ်ရှိ ပျိုးဥယျာဉ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က တပ်ရင်းတပ်ဖွဲ့များတွင် ခြံစည်းရိုးကြက်ဆူ၊ ရော်ဘာနှင့် ငရုတ်ကောင်းပင်တို့ စိုက်ပျိုးထားရှိမှုနှင့် ပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်အတွင်းရှိ ရော်ဘာပျိုးခင်းများတွင် ရော်ဘာပျိုးပင် ၃၉၇၅၅ပင် ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ပျိုးကိုင်းများဝေငှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်တို့က ၂၀၀၇–၂၀၀၈ ခုနှစ် စိုက်ပျိုးရာသီအတွက် ခြံစည်းရိုးကြက်ဆူစုပေါင်း ပျိုးထောင်နိုင်ရန် တပ်ရင်း၊ တပ်ဖွဲ့၊ မိသားစုဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို ဝေငှပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်၊ တိုင်းမှူး၏ဇနီး ဒေါ်ကျော့ကျော့စံတို့က ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးထောင်စိုက်ပျိုးပေးကြပြီး တပ်ရင်းတပ်ဖွဲ့မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုးကြက်ဆူမျိုးစေ့ ၃၆၀၀၀ နှင့် ပျိုးကိုင်း ၆၅၀၀ ပျိုးထောင် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်နှင့် တာဝန်ရှိသူများနှင့်အတူ မလိခ အမြန်ရေယာဉ်ဖြင့် စစ်တွေမြို့မှ ထွက်ခွာလာရာ နံနက် ၁၁နာရီခွဲတွင် မောင်တောခရိုင် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြပြီး ဝါးခုတ်ချောင်းတပ်နယ် သောင်းလုံးအောင်ခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရေးနှင့် မိသားစုဝင်များ၏ ပညာရေး ကျန်းမာရေးတို့အတွက် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရေး မှာကြားကာ အရာရှိ၊ စစ်သည် မိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်၍ ရှင်းရှင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဘူးသီးတောင်မြို့နယ် အင်ကြင်းမြိုင်စံပြကျေးရွာသို့ ရောက်ရှိကြရာ ကျေးရွာရှင်းလင်းဆောင်၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်မျိုးက စံပြကျေးရွာဆိုင်ရာ အချက်အလက်များ၊ ကျေးရွာသောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အင်ကြင်းမြိုင် စံပြကျေးရွာ အုပ်ချုပ်ရေးအဖွဲ့မှ ဦးသန်းအောင်က ကျေးရွာနှင့်စပ်လျဉ်း၍လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးပြီး ကျေးရွာနေပြည်သူများအနေဖြင့် စိုက်ပျိုးရေးကို ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ရေး၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးနှင့် အခြားစီးပွားရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်ရေး၊ ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အင်ကြင်းမြိုင် စံပြကျေးရွာ ပြည်သူများအတွက် အဝတ်အထည်များ၊ စောင်များနှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ဦးသန်းအောင်က လက်ခံသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အင်ကြင်းမြိုင် စံပြကျေးရွာ ဖွံ့ဖြိုးစည်ပင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

ပျိုးပင်များကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေတပ်နယ် ပျိုးဥယျာဉ်၌ ရော်ဘာစိုက်ပျိုးပင်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကားလင်းဖလားပွဲ အနီကတ်လွှမ်း

ချယ်လ်ဆီးဗိုလ်စွဲသော်လည်း တယ်ရီဆေးရုံတင်ပို့ခဲ့ရ

လန်ဒန် ဖေဖော်ဝါရီ ၂၅

အင်္ဂလန်ကလပ်များ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရသည့် ကားလင်းဖလားဗိုလ်လုပွဲကြီးကို ထောင်စုနှစ်အားကစားကွင်းကြီး၌ ဖေဖော်ဝါရီ ၂၅ရက် မြန်မာစံတော်ချိန် ည ၉နာရီခွဲက ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးတို့ အကြိတ်အနယ်ကစားပြီး ကားလင်းဖလား ဆွတ်ခူးသွားပြီဖြစ်သည်။

ပွဲထွက်

ချယ်လ်ဆီးအသင်း တိုက်စစ်တွင် ရှက်ဗ်ချင်ကိုနှင့် ဒရော့ဘာတို့ကို အတွဲ ကစားခဲ့ပြီး အလယ်တန်းတွင် လမ်းပတ်၊ မက်ခီလီလီ၊ အက်ဆီယန်၊ ဒီယာရာနှင့် ဘောလက်တို့ဖြင့် ပွဲထွက်လာခဲ့သည်။

နောက်တန်းတွင် ဝိန်းဘရစ်၊ ကာဗယ်ဟိုနှင့် ဂျွန်တယ်ရီတို့ပါဝင်ကစားခဲ့ပြီး ဂိုးတွင် ပီတာဆက်ချ်က တာဝန်ယူခဲ့သည်။

အာဆင်နယ်အသင်းတွင် အွန်နရီ မပါဝင်ဘဲ လူငယ် တိုက်စစ်မှူးများ ဖြစ်သည့် ဝေါလ်ကော့နှင့် အလိုင် ယာဒီယာရီတို့ဖြင့် ပွဲထွက်လာသည်။

အလယ်တန်းတွင် ဖာဘရီဂတ်စ်၊ ဒီနယ်ဆင်၊ ဘာတစ္စတာနှင့် ဒီယာဘိုလ်တို့ ပါဝင်ကစားခဲ့သည်။ နောက်တန်းတွင် တိုရေး၊ ဆန်းဒရို့စ်၊ ဟွိုင်တီတို့ပါဝင်ပြီး ဂိုးတွင် အယ်မူနီယာ ပါဝင်ကစားခဲ့သည်။

ပွဲစသည်နှင့် နှစ်သင်းစလုံးဂိုးမပေးရရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန်၁၂မိနစ်တွင် အာဆင်နယ်လူငယ်တိုက်စစ်မှူးဝေါလ်ကော့က ဦးဆောင်ဂိုးစတင်သွင်းယူလိုက်သည်။ သို့သော်လည်း ချယ်လ်ဆီးတို့ တန်ပြန်တိုက်စစ်ဖြင့် အာဆင်နယ်နောက်တန်းကို ထိုးဖောက်လာရာ ပွဲချိန်မိနစ်၂၀တွင် ဒရော့ဘာက ချယ်လ်ဆီးအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲချိန်၈၄မိနစ်တွင် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာကပင် ဒုတိယမြောက်နှင့် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည်။ ယင်းဂိုးများသည် ဒရော့ဘာ၏ ယခုနှစ်ဘောလုံးရာသီ၌ ၂၇ ဂိုးမြောက်နှင့် ၂၈ဂိုးမြောက် ဂိုးများဖြစ်သည်။

ဆေးရုံပို့

ပွဲချိန် ၅၆မိနစ်တွင် အာဆင်နယ် ကွင်းလယ် ကစားသမား ဒီယာဘိုင် ဘောလုံးကို ကန်ထုတ်စဉ် ချယ်လ်ဆီးအသင်း ခေါင်းဆောင် ဂျွန်တယ်ရီ၏ ပါးချိတ်ကို တည့်တည့်ကန်လိုက်မိ၍ မေ့မျောကာ ဆေးရုံပို့လိုက်ရကြောင်း သိရသည်။

ထည့်ကစား

ပွဲပြီးခါနီးတွင် တစ်ဖက်နှင့် တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကာ ကစားစဉ် ထိခိုက်မိရာမှ ရန်ပွဲပမာ ဖြစ်ခဲ့သည်။ ဂျွန်တယ်ရီ အနာတရ ဖြစ်သွား၍ မီခေးဝင်ကစားပေးခဲ့သည်။ ပွဲပြီးခါနီးတွင် ချယ်လ်ဆီး ဘက်မှ ရှက်ဗ်ချင်ကိုအစား ကာလူးကို ထည့်ကစားခဲ့သည်။

တစ်ဖန် အာဆင်နယ်ဘက်၌လည်း တိုရေးအစား အီဘိုး၊ ဒီယာဘိုင်အစား လက်ဘ်နှင့် အော်လီယာဒီအစား အဒီဘာယောတို့ဝင်ကစားခဲ့ကြသည်။ ပွဲပြီးခါနီးတွင် တစ်ဖက်နှင့်တစ်ဖက် ကြမ်းတမ်းစွာ ကစားရာမှ ရန်ပွဲဖြစ်လုနီးပါး ဖြစ်ခဲ့ရာ ချယ်လ်ဆီးဘက်မှ ဂျွန်မိုက်ကယ် အနီကတ်ဖြင့် ထွက်ခဲ့ရသကဲ့သို့ အာဆင်နယ် အသင်းဘက်မှလည်း အဒီဘာယောနှင့် တိုရေးတို့ အနီကတ်ဖြင့် ထွက်ခဲ့ရသည်။

ဂိုးသွင်းယူနိုင်

ယင်းပွဲစဉ်တွင် အာဆင်နယ် လူငယ်တိုက်စစ်မှူး ဝေါလ်ကော့သည် အာဆင်နယ်အသင်းအတွက် ၎င်း၏ ပထမဆုံး ဂိုးသွင်းယူနိုင်ခဲ့သည်။

ဆွတ်ခူး

မည်သို့ပင် ဖြစ်စေကာမူ ယနေ့ည ကားလင်းဖလား ပြိုင်ပွဲသည် အကြိတ်အနယ်ယှဉ်ပြိုင်ရာမှ တစ်ဖက်နှင့်တစ်ဖက် ရန်ပွဲပမာဖြစ်ခဲ့ရသော်လည်း ချယ်လ်ဆီးတို့ ကားလင်းဖလား ဆွတ်ခူးရရှိသွားပြီဖြစ်သည်။ ။

(အင်တာနက်)

သတင်းမြင်ကွင်း

မြင့်မောင်စိုး

ချယ်လ်ဆီး အောင်ပွဲခံ

ချယ်လ်ဆီး ကွင်းလယ်ကစားသမား လမ်းပတ် ကားလင်းဖလားကို ကိုင်မြှောက်လျက် ဤသို့အောင်ပွဲခံခဲ့သည်။

(ဓာတ်ပုံ–အင်တာနက်)

အနိုင်ဂိုးသွင်းသူ

ချယ်လ်ဆီးအသင်း အတွက် ချေပဂိုးနှင့် အနိုင်ဂိုးသွင်းသူ ဒရော့ဘာအား ရှက်ဗ်ချင်ကိုနှင့် လမ်းပတ်တို့က ဤသို့ ဂုဏ်ပြုခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

ပရီမီယာလိဂ် လက်ကျန်ပွဲစဉ် ရလဒ်

တော့တင်ဟမ်	၄	–	၁	**ဘော်လ်တန်**
ဘလက်ဘန်း	၃	–	၀	**ပို့စ်မောက်**
ဝီဂန်	၁	–	၀	**နယူးကာဆယ်။**

(အင်တာနက်)

26-2 (09) 1 2/26/07, 2:42 PM

ဘာစီလိုနာကို ထိပ်တန်းကလပ်အသင်းဖြစ်ရန် ကြိုးစားပေးနေသည့် အီတူး

ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

မက်ဒရစ် ဖေဖော်ဝါရီ ၂၅

ဘာစီလိုနာအသင်းကို လာလီဂါ၌ သုံးကြိမ်ဆက်တိုက် ချန်ပီယံဆုရယူပေးမည့်သူများ၌ တိုက်စစ်မှူး အီတူးလည်း ပါဝင်လျက်ရှိရာ အီတူးနှင့်ဘာစီလိုနာတို့၏ အောင်မြင်မှုရရှိခဲ့သည်များကို ပြန်ကြည့်လျှင် အထင်အရှား တွေ့မြင်ရမည် ဖြစ်သည်။

လျင်မြန်သောအဟုန်ဖြင့် တစ်ရှိန်ထိုးတိုက်စစ်ဆင်နိုင်သော အီတူးကို ၁၉၈၁ခုနှစ်မတ်လ ၁၀ရက်က ကင်မရွန်းနိုင်ငံတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ ယခုအသက် (၂၅)နှစ်အရွယ်ရှိ အီတူးသည် တိုက်စစ်မှူးတစ်ဦးအဖြစ် ပင်ကိုပါရမီ ပါရှိခဲ့သူဖြစ်ပြီး အသက်(၁၈)နှစ်၌ပင် ကင်မရွန်းတိုက်စစ်မှူး ဖြစ်လာခဲ့သူဖြစ်သည်။

စာချုပ်ချုပ်ဆို

အီတူးသည် ဂိုးသွင်းမှု မှန်ကန်ခြင်း၊ အမှားအယွင်းနည်းခြင်းနှင့် အားကစားစိတ်ဓာတ် အပြည့်အဝရှိခြင်းတို့ကြောင့် ၂၀၀၁–၂၀၀၂ခုနှစ်တွင် စပိန်ကလပ် မာလော့ကာအသင်းက စာချုပ်ချုပ်ဆို ခေါ်ယူကစားစေခဲ့သည်။

စပိန်မြေသို့ စတင်ခြေချကစားခဲ့သော အီတူးသည် ၂၀၀၁–၂၀၀၂ဘောလုံးရာသီ၌ မာလော့ကာအတွက် လာလီဂါတွင် ခြောက်ဂိုး၊ ချန်ပီယံလိဂ်ပွဲစဉ်၌ နှစ်ဂိုးနှင့် ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ၌ တစ်ဂိုး သွင်းယူပေးခဲ့ရာ စုစုပေါင်း ၂၆ပွဲကစား ကိုးဂိုး သွင်းယူပေးနိုင်ခဲ့သည်။

အီတူးသည် ကိုယ်တိုင်ဂိုးသွင်းရခြင်းထက် ကစားဖော်တိုက်စစ်မှူးများကို ဂိုးသွင်းခွင့်ရအောင် ပိုမိုဖန်တီးပေးတတ်သည်ဖြစ်ရာ ဂိုးရှေ့၌ အလိုက်သင့် ဘောလုံးခင်းပေးမှုများက ထိရောက်မှုရှိသော ရလဒ်ကောင်းများဖြစ်ပေါ်စေခဲ့ခြင်းလည်း ဖြစ်သည်။

ရေပန်းစား

၂၀၀၂–၂၀၀၃ ခုနှစ် ဘောလုံး ရာသီတွင်လည်း မာလော့ကာအသင်း အတွက် လာဂီဂါတွင် ၂၉ ပွဲကစားပြီး ၁၄ ဂိုးသွင်းယူပေးနိုင်ခဲ့သလို မိခင် ကင်မရွန်းအသင်းအတွက် နိုင်ငံတကာ ချစ်ကြည်ရေးပွဲနှစ်ပွဲ ကစားပေးခဲ့ပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ စပိန်တွင်အီတူး၏ ဂိုးသွင်းစွမ်းရည်နှင့် တိုက်စစ် စွမ်းရည်ကို သတိပြုမိပြီး အီတူး၏ နာမည်လည်း ပရိသတ်များအကြား ရေပန်းစားလာခဲ့သည်။

ရောက်ရှိ

တစ်ဖန် ၂၀၀၃–၂၀၀၄ ဘောလုံး ရာသီတွင်လည်း မာလော့ကာအသင်း အတွက် လာဂီဂါပွဲစဉ်၌ ၃၁ ပွဲကစားပေးပြီး ၁၇ ဂိုးသွင်းယူနိုင်ခဲ့ရာ စပိန်ကလပ်အသင်းကြီးများမျက်စိကျခဲ့သဖြင့် ၂၀၀၄–၂၀၀၅ ဘောလုံးရာသီ၌ ဘာစီလိုနာအသင်းက ရအောင်ခေါ်ယူခဲ့သဖြင့် အီတူး ဘာစီလိုနာသို့ ရောက်ရှိခဲ့လေသည်။

အံ့ဩ

ဘာစီလိုနာအသင်းသို့ ရောက်ရှိလာသော အီတူးသည် ထိုနှစ် စပိန်လာလီဂါတွင် ဘာစီလိုနာအတွက် ၃၇ ပွဲကစားပေးခဲ့ပြီး ၂၄ ဂိုး သွင်းယူပေးလိုက်ရာ ပြိုင်ဘက်တိုက်စစ်မှူးများ အံ့ဩသွားစေခဲ့ပြီး ထိုနှစ်က လာလီဂါတွင် ဂိုးအများဆုံး သွင်းသူအဖြစ် မှတ်တမ်းလည်းဝင်ခဲ့သည်။

တစ်ဝက်ကျော်

ထို့အတူ ထိုနှစ်မှာပင် ဘာစီလိုနာ အသင်းအား ချန်ပီယံလိဂ်ဘောလုံးပွဲ ခုနစ်ပွဲကစားပေးခဲ့ပြီး လေးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အီတူး ဘာစီလိုနာသို့ စတင်ရောက်ရှိခဲ့ပြီး ထိုသို့ဂိုးများ အံ့ဩဖွယ်ကောင်းအောင် သွင်းယူပေးနိုင်ခဲ့သဖြင့် နှစ်အတန်အကြာ လာလီဂါဖလားနှင့် ဝေးကွာနေခဲ့သော ဘာစီလိုနာအား လာလီဂါဖလားကို ထိုက်တန်စွာ ပြန်ယူပေးနိုင်ခဲ့သည်။ ဘာစီလိုနာ၏ ဂုဏ်လည်း ကမ္ဘာ့ဘောလုံးလောက၌ ထည်ဝါခဲ့ညားနိုင်ခဲ့လေသည်။ ထိုနှစ်က

စပိန် နိုင်ငံ ဘာစီလိုနာမြို့တွင် တွေ့ရသော အီတူး။ (ဓာတ်ပုံ–အင်တာနက်)

ဘာစီလိုနာအသင်း လာလီဂါ၌ စုစုပေါင်း ၄၄ ဂိုး သွင်းယူခဲ့ရာတွင် အီတူးတစ်ဦးတည်း ၂၄ဂိုး သွင်းယူခဲ့ခြင်းဖြစ်ရာ သွင်းဂိုး၏ တစ်ဝက်ကျော်ပင် ဖြစ်သည်။

အမြင့်ဆုံးတိုက်စစ်မှူး

အီတူး၏ ဘောလုံးခြေစွမ်းသည် ဘာစီလိုနာတွင် အကောင်းဆုံး ပြသနိုင်လျက်ရှိရာ ၂၀၀၅–၂၀၀၆ ဘောလုံးရာသီတွင်လည်း စပိန်လာလီဂါ ဘောလုံးပွဲ၌ ဘာစီလိုနာအတွက် ၃၅ပွဲ ကစားပေးခဲ့ပြီး ၂၆ဂိုးအထိ သွင်းယူနိုင်ခဲ့သလို ချန်ပီယံလိဂ်တွင်လည်း ဘာစီလိုနာအတွက် ၁၁ပွဲ ကစားပေးခဲ့ကာ ခြောက်ဂိုး သွင်းယူပေးနိုင်ခဲ့သဖြင့် ထိုနှစ်၌ ၄၆ပွဲကစားပြီး ၃၂ဂိုးအထိ အီတူး ဂိုးသွင်းပေးနိုင်ခဲ့သည်။ ထိုနှစ်က ဘာစီလိုနာတို့ လာလီဂါ၌ ၃၈ပွဲကစားပြီး ၄၅ဂိုး သွင်းခဲ့ရာတွင် အီတူးက ၂၆ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်ရာ ဘာစီလိုနာတို့ လာလီဂါချန် ပီယံဖလားကို ဒုတိယအကြိမ်ဆက်တိုက် ဆွတ်ခူးခဲ့ပြန်သည်။ ထူးထူးချွန်ချွန်ဖြင့် ပွဲတိုင်းနီးပါး ဂိုးသွင်းနိုင်ခဲ့သည့်အပြင် တစ်ဖက်အသင်းခံစစ်ကြောင်းကို ကောင်းကောင်းထိုးဖောက် ဖြတ်ကျော်နိုင်သူ အီတူးသည် စပိန်မြေ၌ ဂိုးသွင်းစွမ်းရည် အမြင့်မားဆုံး တိုက်စစ်မှူးအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ပုံမှန်မကစားနိုင်

သို့သော် ယခု ၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီတွင် အီတူး ခြေထောက်ဒဏ်ရာရရှိမှုများကြောင့် ပုံမှန်မကစားနိုင်ဘဲ အနားယူဆေးကုသမှု အချိန်များနေခဲ့သည်။ ဒဏ်ရာသက်သာချိန်များတွင် လာလီဂါပွဲစဉ်၌ ဘာစီလိုနာ အတွက် ကစားပေးနေပြီး ယခုအချိန်အထိ လေးပွဲကစား၊ လေးဂိုး သွင်းထားပေးနိုင်လျက်ရှိသည်။ ထို့အတူ ချန်ပီယံလိဂ်တွင်လည်း နှစ်ပွဲကစားပေးထားပြီး ဘာစီလိုနာအတွက် တစ်ဂိုးသွင်းယူပေးထားသလို မိခင် ကင်မရွန်း ဘောလုံးအသင်းအတွက် အာဖရိကဖလား ဘောလုံးပြိုင်ပွဲ၌ လေးပွဲကစားခဲ့ကာ လေးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ယခုအချိန်အထိ ဘာစီလိုနာအတွက် ခြောက်ပွဲကစားပေးထားပြီး ငါးဂိုးသွင်းယူပေးထားနိုင်သည်ဖြစ်ရာ လာလီဂါ အမှတ်ပေးတန်းစီဇယားတွင် ထိပ်ဆုံးနေရာ၌ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးထားလျက်ရှိသည်။

ယခုနှစ်၌ ဘာစီလိုနာအတွက် ဂိုးအများဆုံးသွင်းယူပေးနိုင်ခဲ့သည့်ပွဲမှာ လာလီဂါပွဲစဉ်အဖြစ် အိမ်ကွင်း၌ အိုဆာဆူနာနှင့် ပွဲစဉ်ဖြစ်ပြီး ဘာစီလိုနာက သုံးဂိုး–တစ်ဂိုးဖြင့်

ဘာစီလိုနာ တိုက်စစ်မှူး အီတူး၏ ထိုးဖောက်ကစားဟန်။ (ဓာတ်ပုံ–အင်တာနက်)

အနိုင်ယူခဲ့ရာတွင် အီတူးက တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့အတူ ကင်မရွန်းအသင်းအတွက်လည်း အာဖရိကဖလား ဘောလုံးပွဲ၌ အိမ်ကွင်းတွင် ကစားခဲ့သော အင်ဂိုလာနှင့်ပွဲ၌ ကင်မရွန်းတို့ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာတွင် သုံးဂိုးစလုံး အီတူး တစ်ဦးတည်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ အီတူးနှင့် ရော်နယ်ဒင်ဟိုတို့၏ ဆက်ဆံရေး၊ ဘာစီလိုနာနည်းပြ ဖရန့်ရီကတ်နှင့် ဆက်ဆံရေးများ အဆင်မပြေမှုကြောင့် အီတူး ဘာစီလိုနာမှ ထွက်ခွာတော့မည်ဟု သတင်းများဖြစ်ပေါ်နေမှုကိုလည်း အီတူးက ငြင်းဆိုထားသည်။ ဘာစီလိုနာနှင့် လီဗာပူးတို့၏ ချန်ပီယံလိဂ်ပွဲစဉ်၌ အီတူးကို ထည့်သွင်းမကစားခြင်းမှာလည်း အီတူး ကြွက်ခိုင်မှု အားနည်းခြင်းကြောင့်ဖြစ်ပြီး အီတူးအနေဖြင့် ကြွက်ခိုင်ပြည့်ဝနေရန် ကြိုးစားနေကြောင်း၊ ပုံမှန်လေ့ကျင့်ခန်းများ ပြုလုပ်နေပြီး အပြင်းအထန်လေ့ကျင့်ခန်းများလည်း ပြုလုပ်နေကြောင်း၊ အသင်းတွင် အမြန်ဆုံး ပြန်လည်ကစားသွားစေမည်ဖြစ်ကြောင်း နည်းပြဖရန့်ရီကတ်က ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ဘာစီလိုနာအသင်း ကမ္ဘာ့ဘောလုံးမျက်နှာစာ၌ ထိပ်ဆုံးနေရာတွင် ရပ်တည်နေနိုင်အောင် ကြိုးစားပေးရာတွင် အီတူး၏ ကြိုးစားစွမ်းဆောင်မှုများက အဓိကကျသည့်နေရာ၌ ရှိနေပါကြောင်း။

(ကိုးကား–အင်တာနက်သတင်းများ)

လက်ဝှေ့ကျော် လင်းနော့လူးဝစ် ကြိုးဝိုင်းအတွင်း ပြန်ဝင်လာမည်လော

ကိုးကားတင်ပြသူ မြင့်မောင်စိုး

လန်ဒန် ဖေဖော်ဝါရီ ၂၅

ဗြိတိန်မှနာမည်ကြီးလက်ဝှေ့ကျော် လင်းနော့လူးဝစ်သည် အသက် (၄၁) နှစ်ပြည့်ချိန်တွင် လက်ဝှေ့ကြိုးဝိုင်းထဲသို့ပြန်လာရန် စဉ်းစားနေပြီဖြစ်ကြောင်း အမေရိကန်ပြိုင်ပွဲကျင်းပသူ ဘော့အေရမ်က ပြောကြားသည်။

အနားယူခဲ့

ဟဲဗီးဝိတ်ချန်ပီယံဟောင်းလင်းနော့လူးဝစ်သည် ၂၀၀၃ ခုနှစ် ဇွန်လက ဗစ်တာလီကလစ်ရှက်ကိုအား အနိုင်ရပြီးနောက် လက်ဝှေ့လောကမှ အနားယူခဲ့သည်။

ကြေညာခဲ့

ဒဗလျူဘီစီ ဟဲဗီးဝိတ် ချန်ပီယံဟောင်း ကလစ်ရှက်ကိုသည် လင်းနော့လူးဝစ်နှင့် စိတ်မကျေပွဲပြန်လည် ထိုးသတ်လိုကြောင်း မကြာမီကကြေညာခဲ့သည်။ လင်းနော့လူးဝစ်သည် ကလစ်ရှက်ကိုနှင့် ပြန်လည်ထိုးသတ်ရန် ဆွေးနွေးနေပြီဖြစ်ကြောင်း ပြိုင်ပွဲကျင်းပသူ အေရမ်၏ပြောကြားချက်ကို ဒေးလီးမေးလ်သတင်းစာက ကိုးကားဖော်ပြသည်။ အသက် (၃၆)နှစ်ရှိပြီဖြစ်သော ကလစ်ရှက်ကိုသည် ၂၀၀၅ ခုနှစ် နိုဝင်ဘာလက ဒူးခေါင်းပြင်းထန်စွာ ဒဏ်ရာရပြီး လက်ဝှေ့လောကမှ အနားယူခဲ့သည်။ သို့သော်လည်း ယခုအခါ ပြန်လည်ထိုးသတ်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ကလစ်ရှက်ကိုက ပြောကြားသည်။

လင်းနော့လူးဝစ် (ဝဲ) နှင့် ကလစ်ရှက်ကိုတို့ ၂၀၀၃ ခုနှစ်က ထိုးသတ်ခဲ့မှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

(အင်တာနက်)

အမျိုးသား၊ အမျိုးသမီးမခွဲခြား ဝင်ဘယ်ဒန်တွင် ဆုကြေးအတူရရှိမည်

လန်ဒန် ဖေဖော်ဝါရီ ၂၅

အင်္ဂလန်နိုင်ငံ၌ ကျင်းပသော ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကြီးတွင် ယခုနှစ်မှစ၍ပထမဆုံးအကြိမ်အဖြစ် အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲနှစ်ရပ်လုံးကို ဆုကြေးအတူတူ ချီးမြှင့်ပေးအပ်တော့မည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ထုတ်ပြန်ခဲ့

အဆိုပါ ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲကြီးအား အခြားသော ဂရင်းဆလမ်ပြိုင်ပွဲများနည်းတူ ဆုကြေးငွေကို အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ တန်းတူညီတူပေးသင့်ကြောင်း တင်းနစ်လောကမှ တာဝန်ရှိသူများနှင့် အားကစားသမားများကဝေဖန်ပြောဆိုခဲ့ပြီးနောက် အထက်ပါအတိုင်းကြေညာချက်ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ချီးမြှင့်ပေးအပ်

ယင်းဝင်ဘယ်ဒန်ဖလား တင်းနစ်ပြိုင်ပွဲကြီးသည် အမေရိကန်နှင့် ဩစတြေးလျဂရင်းဆလမ်ပြိုင်ပွဲများကဲ့သို့ အမျိုးသားနှင့် အမျိုးသမီးတန်းတူဆုကြေးငွေချီးမြှင့်ပေးအပ်တော့မည်ဟုဆိုသည်။ ဆွစ်ဇာလန်မှ ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲရားသည် ၂၀၀၆ခုနှစ်က အမျိုးသားပြိုင်ပွဲတွင် ဆုကြေးငွေ ပေါင် ၆၅၅၀၀၀ရချိန်တွင် ပြင်သစ်မှ မော်ရက်စမိုက အမျိုးသမီး ဝင်ဘယ်ဒန်ဖလားရရှိချိန်တွင် ဆုကြေးငွေ

၂၀၀၆ ခုနှစ် အမျိုးသမီး ဝင်ဘယ်ဒန် ချန်ပီယံ မော်ရက်စမို။ (ဓာတ်ပုံ–အင်တာနက်)

ပေါင် ၆၂၅၀၀၀ သာရရှိခဲ့သည်။ ယင်းတို့နှစ်ဦး၏ ဆုကြေးမှာ ပေါင် ၃၀၀၀၀ ကွာဟနေခဲ့သည်။

ပျော်နေကြ

ယခုနှစ်တွင် ဗိုလ်စွဲမည့် ဝင်ဘယ်ဒန်ချန်ပီယံများသည် အမျိုးသားရော အမျိုးသမီးပါ ဆုကြေးငွေတန်းတူရရှိကြတော့မည်ဖြစ်၍ ကမ္ဘာ့ကျော်တင်းနစ်ကစားသမားများ ပျော်နေကြကြောင်း သိရသည်။ **(အင်တာနက်)**

ပျဉ်းမနားခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၀၇)ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပျဉ်းမနားခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကျင်းပသော ဒသမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် ညနေ ၃နာရီက ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦးတို့ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာအေးကိုကို၊ ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၏ဇနီး ဒေါ်ဆွေဆွေဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်ဆရာဝန်ကြီးဒေါက်တာအေးကိုကိုက ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့၌ ယင်လုံအိမ်သာများ ဆောက်လုပ်ရန်နှင့် ရေတံ့ကင်များ ပြုပြင်ရန် အလှူငွေများကိုပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက လက်ခံကြသည်။ **(အပေါ်ယာပုံ)**

လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက လှူဒါန်းသည့် ယင်လုံအိမ်သာခွက်များကို မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင်များက ပေးအပ်ရာ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့်တပ်ကုန်းမြို့နယ်တို့မှ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများက လက်ခံကြသည်။

ယင်းနောက် နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၏ဇနီး ဒေါ်ဆွေဆွေဦးက ပလတ်စတစ် အမှိုက်ပုံးကြီးများကို ပေးအပ်ရာ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့မှ မြို့နယ်ကျန်းမာရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများက လက်ခံကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် ယောက်သွားအင်ကျေးရွာအုပ်စုရှိ လက်ပံခါးလှ အမှတ်(၁၄၀)အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ထားမှု၊ ကျောင်း ယင်လုံအိမ်သာများ တည်ဆောက်ထားမှုနှင့် ကျောင်း သောက်သုံးရေရရှိရန် ရေတံ့ကင် တူးဖော်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ခရိုင်ဆရာဝန်ကြီးနှင့် မြို့နယ် ကျောင်းကျန်းမာရေး ဆရာဝန်တို့က ရှင်းလင်းတင်ပြကြသည်။

ရွတ်ဆိုကပြ

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှု ဆောင်များ၊ တိုင်းမှူး၏ဇနီးနှင့် အဖွဲ့ဝင်များသည် တံတားဦး ကျေးရွာအမှတ် (၂၉)အခြေခံ ပညာမူလတန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းပတ်ဝန်းကျင်နှင့် ယင်လုံအိမ်သာ သန့်ရှင်းရေးဆောင်ရွက်ထားမှုများကို ကြည့်ရှုကြပြီး ကျောင်းသား ကျောင်းသူကလေးများက ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ကဗျာများကို ရွတ်ဆိုကပြကြသည်။

စီစဉ်ထား

ပျဉ်းမနားခရိုင် အတွင်း၌ ဖေဖော်ဝါရီ၂၄ရက်မှ မတ်၂ရက်အထိ ရက်အလိုက် ပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုများ ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ၏ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြောက်ဥက္ကလာပမြို့နယ်မယ်လမုဘုရားအနီး ဓမ္မသီဂိုပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂိုပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာန နာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မ ဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပ သာသနာပြု ဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် မတ် ၃ ရက်တွင် ပျော်ဘွယ်မြို့နယ်အသင်း (ရန်ကုန်)၏ ဘွဲ့တံဆိပ် ထပ်ဆင့်ဆက်ကပ်ပွဲတရား၊ ၄ ရက်မှ ၂၄ ရက်အထိ ထိုင်းနိုင်ငံ ဇင်းမယ်တက္ကသိုလ်သင်တန်း တက်ရန် ပြည်ပခရီး၊ မတ် ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁ ရက်များနှင့် ဧပြီ ၁ ရက်တို့တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) အထက(၄)ကျောင်းသား ကျောင်းသူ၊ (ရှင်/သီလရှင်)လူငယ်များ တရားစခန်းပွဲနှင့် နေ့စဉ် နေ့တရားပွဲများ၊ ယင်း အထက(၄)တွင် မတ် ၃၀၊ ၃၁ ရက်များနှင့် ဧပြီ ၁ရက်ညတွင် ည တရားပွဲများ၊ ဧပြီ ၂ ရက်ညတွင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် အထူးတရားပွဲ၊ ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်များတွင် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂိုပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတရား စခန်းပွဲနှင့် နေ့စဉ်တရားပွဲများ ဟောကြားပြသမည်ဖြစ်ပြီး ရန်ကုန်ရောက် ပျော်ဘွယ်မြို့နယ်သူ မြို့နယ်သားများ၊ ပျော်ဘွယ်မြို့နယ်အသင်း(ရန်ကုန်) ဖုန်း-၅၅၅၂၅၊ ၆၅၁၉၅၇၊ ၇၀၆၉၅၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၂၂ရက်က လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းကောင်စီ ဆုပေးပွဲ အခမ်းအနားတွင် ပထမဆုရ ကျန်စစ်သား အသင်းခေါင်းဆောင်အား ကျောင်းကောင်စီဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က ဒိုင်းဆုချီးမြှင့်စဉ်။ (က-ပ)

ဆွမ်းဆန်စိမ်း လောင်းလှူ

မန္တလေးတိုင်း မြင်းခြံမြို့နယ်လုံးကျွတ် (၂၆) ကြိမ်မြောက် သံဃာ့ဒါန ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဇန်နဝါရီ ၂၃ ရက်က မြင်းခြံမြို့ ဗိုလ်ချုပ်လမ်း မဏိကဥ္စနာခန်းမရှေ့ရှိ မဏ္ဍပ်၌ကျင်းပရာ သံဃာတော်အပါး ၉၀၀ အား အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြသည်။

အလှူငွေနှင့် စာအုပ်များ လှူဒါန်း

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် သင်္ကေပြင်ကျေးရွာ အမေ့ရွာ စာကြည့်တိုက်သို့ အလှူငွေနှင့် စာအုပ်များ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ကျင်းပရာ ပြည်နယ်ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက အမှာစကားပြောကြားပြီး အလှူရှင် စာနယ်ဇင်းကိုယ်စားလှယ် ဦးသိန်းမောင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များလှူဒါန်းသည့် အလှူငွေနှင့် စာအုပ်များကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ကတ္တရာလမ်းသစ်ဖွင့်

မန္တလေးတိုင်း မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက် မကျီးကုန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက်က အဆိုပါလမ်း မင်္ဂလာမုခ်ဦး၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချို တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ပရိယတ္တိစာမေးပွဲ ကျင်းပမည်

ဗားကရာကျောင်းတိုက် အုပ်ချုပ်ရေးမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြီးမှူး၍ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ (၁၆)ကြိမ်မြောက် ဗားကရာ ပရိယတ္တိစာမေးပွဲကို မတ်၃ရက်မှ ၉ရက်အထိ ခုနစ်ရက်ကျင်းပမည်ဖြစ်သည်။

စာမေးပွဲတွင် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်းတို့တွင် သံဃာတော်အပါး ၂၀၀ကျော် ဝင်ရောက်ဖြေဆိုတော်မူကြမည်ဖြစ်ရာ မေးခွန်းလွှာများ၊ အဖြေလွှာများနှင့် အအေးဒါန နှစ်စဉ်အလှူရှင်များ၊ စေတနာရှင်များ ကြိုတင်လှူဒါန်းနိုင်ရန်အတွက် ကိုးထပ်ကြီးဘုရားရင်ပြင်တော်ရှိ အလှူခံဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်

စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ် ပင်သာကျေးရွာ ပညာပဒေသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်က အဆိုပါစာကြည့်တိုက်တွင် ကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်ကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဖေစန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကျန်းမာရေးဆေးခန်းဖွင့်လှစ် ကုသ

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ စီစဉ်မှုဖြင့် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ဇန်နဝါရီ ၂၀ရက်က ဆေးခန်းဖွင့်လှစ်ပေးခဲ့ပြီး ဆေးစစ်ကုသမှုများကို ပြုလုပ်ပေးလျက်ရှိရာ မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးက ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

ကလေးပြိုင်ပွဲ ကျင်းပ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကလေးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ဆုရရှိသူ ကလေးမိခင်များအား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းငွေနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

အသင်းဝင်အဆိုပြုလွှာ ပေးအပ်

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၈ရက်က ဘုတ်ပြင်း အထက နဝရတ်ခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဆန်းဟိုက အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီးဦးမြင့်ဆွေ ပေးအပ်သော အသင်းဝင်အဆိုပြုလွှာများကို လက်ခံခဲ့သည်။

ဒေသဝမ်းစာဖူလုံရေး ညှိနှိုင်းစည်းဝေး

ချင်းပြည်နယ် မင်းတပ်မြို့တွင် ဖေဖော်ဝါရီ ၉ ရက်က မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခရိုင်အစည်းအဝေးခန်းမ၌ ဒေသဝမ်းစာဖူလုံရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးသန်းမြင့်က ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ကျပန်းစကားပြောပြိုင်

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြော ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၂၄ရက်က အသင်းရုံး ရတနာသီရိခန်းမတွင် ကျင်းပရာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြသည်။

ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် မကြီးခေါက်ကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ရန်ကုန်မြို့ ပါရမီရိပ်သာ အမှတ်(၂၇)နေ ဖေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီး မျိုးတင့်(ငြိမ်း)မိသားစုနှင့် မုံရွာမြို့နေ ဦးချစ်ပေါမိသားစုတို့က အဆိုပါကျောင်းမှ ထူးချွန်သူများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အဆိုပါ ကျေးရွာမှ ကျောင်းသား ကျောင်းသူ ခုနစ်ဦးတို့အား ဆုများအသီးသီး ပေးအပ်ခဲ့ကြသည်။

ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေး တာဝန်ပေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်တွင် နွေစပါးနှင့် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာများအလိုက် စိုက်ပျိုးရေးတာဝန်များ ပေးအပ်ခဲ့ကြသည်။

ယာဉ်မောင်းများအတွက် သင်ခန်းစာတစ်ပုဒ်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၏ ပညာပေးဓာတ်လမ်းများ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပြသနေသည်ကို မကြာခဏဆိုသလိုပင် ကြည့်ရှုရသည်။

သတင်းမြင်ကွင်း - မြင့်မောင်စိုး

ဓာတ်ပုံ - သန်းနိုင်(မီးသတ်ဦးစီး)

ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက ၁၀၅ လိုင်းကား ယာဉ်အမှတ် ၈က/၂၉၀၈ Kyaw Home Mart ကုန်ပဒေသာဆိုင်ကို ဝင်တိုက်ပြီး လဲကျသွားရာ မီးသတ်တပ်ဖွဲ့ဝင်များက ဤသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခဲ့သည်။

ဓာတ်ပုံ-သန်းနိုင်(မီးသတ်ဦးစီး)

ယာဉ်စည်းကမ်း

ထို့အပြင် လမ်းသွားလမ်းလာ ခရီးသွားပြည်သူများ လမ်းစည်းကမ်းလိုက်နာရေးနှင့် ယာဉ်မောင်းများ၊ ယာဉ်စည်းကမ်းလိုက်နာရေး ပညာပေးဇာတ်လမ်းများလည်း မကြာခဏ ကြည့်ရှုရသည်။

အလေးထားမှု

သို့သော်လည်း စည်းကမ်းမလိုက်နာသော ယာဉ်မောင်းများကြောင့် မလိုလားအပ်သော အဖြစ်ဆိုးများနှင့် ကြုံတွေ့နေကြရသည်။ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ ကြုံတွေ့နေရသော်လည်း အချို့သော ယာဉ်မောင်းများသည် အလေးထားမှု အားနည်းနေသည်။

ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်ကဖြစ်သည်။ စာရေးသူသည် လှိုင်သာယာရှိ မိတ်ဆွေတစ်ဦးထံမှ ပြန်လာရာ ပုဇွန်တောင်သို့ ၅၆ ဘတ်စ်ကားစီးလာသည်။ မြို့လယ်က ဆူးလေဘုရားအလွန် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် အရောက် Kyaw Home Mart ကုန်ပဒေသာဆိုင်ကြီးရှေ့တွင် ခရီးသည်တင် ဒိုင်နာကားတစ်စီး ပလက်ဖောင်းကို ကျော်တက်ကာ လဲကျနေသည်ကို အမှတ်တမဲ့ တွေ့လိုက်ရသည်။

မီးခိုးများ တလူလူ

ထိုမြင်ကွင်းကြောင့် စာရေးသူသည် ပန်းဆိုးတန်းတွင်ဆင်း၍ ဝင်ကြည့်ခဲ့သည်။ အခင်းဖြစ်ပွားရာ အဆိုပါနေရာတွင် လူများအုန်းအုန်းကျွက်ကျွက် ဝိုင်းကြည့်နေကြသည်။ တိမ်းမှောက်လဲကျနေသော ဒိုင်နာကားမှ မီးခိုးများ တလူလူ ထွက်နေသည်။ မီးသတ်တပ်ဖွဲ့ ကယ်ဆယ်ရေးအဖွဲ့ဝင်များကလည်း အချိန်နှင့် တစ်ပြေးညီ ရောက်ရှိလာပြီး တိမ်းမှောက်နေသော ဒိုင်နာကားဆီသို့ မီးသတ်ပိုက်ဖြင့် အဆက်မပြတ် ဖျန်းပက်ပေးနေသည်။ ရန်ကုန်တိုင်းမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ ကိုယ်တိုင် ကြီးကြပ်လျက် မီးသတ်တပ်ဖွဲ့ဝင်များက ထိခိုက်ဒဏ်ရာရသူများအား အချိန်မီဆွဲထုတ်ပေးနေသည်။ ထိုအချိန်တွင် လူများကားကို ဝိုင်းမ၍ ကားအောက်တွင် ပိနေသော လူငယ်တစ်ဦးအား မနည်းဆွဲထုတ်ခဲ့ရသည်။ သွေးသံရဲရဲဖြင့် ထိုလူငယ်အား လူသုံးဦးက ပွေ့ချီကာ အငှားယာဉ်ဖြင့် ဆေးရုံကြီးအရေးပေါ်ဌာနသို့ ပို့လိုက်သည်ကိုလည်း တွေ့ရသည်။ ထို့အရင် မရေးမနှောင်းက အမျိုးသမီးနှစ်ဦးကိုလည်း ဆေးရုံပို့လိုက်ကြောင်း သိရသည်။ စုစုပေါင်း သုံးဦးဒဏ်ရာရခဲ့သည်ဟု သိရသည်။

ယခု ဒိုင်နာကားဝင်ရောက်တိုက်မှုဖြစ်ပွားသည့် Kyaw Home Mart ကုန်ပဒေသာဆိုင်ကြီး၏ ရှေ့မျက်နှာစာတွင် ကားဝင်မတိုက်မီက ရေခဲမုန့်နှင့် ကြက်သားကြော်များ ရောင်းချသည့် ဆိုင်များရှိသည်။ ယင်းနေရာတွင် ကားဝင်တိုးလိုက်၍ မှန်ကွဲများ၊ အပျက်အစီးအပိုင်းအစများ နေရာအနှံ့ ပြန့်ကျဲနေသည်။

ရေဖျန်းပေး

ယင်းခရီးသည်တင် ဒိုင်နာကားသည် ညာဘက်သို့ တုံးလုံးလဲကျနေရာ မီးသတ်တပ်ဖွဲ့ဝင်များက စီအင်န်ဂျီဓာတ်ငွေ့အိုးများသို့ မီးမကူးစက်နိုင်ရေးအတွက် အဆက်မပြတ် ရေဖျန်းပက်ပေးနေသည်။ ၁၅ မိနစ်ခန့်အကြာ မီးငြိမ်းသွားပြီး ကားကို ဆွဲထောင်ရာ ရေတမာပင်ကခံနေ၍ ၎င်းရေတမာပင်ကို မီးသတ်တပ်ဖွဲ့ဝင်များက စက်လွှဖြင့် ဖြတ်တောက်ပေးခဲ့သည်။ ခဏအကြာတွင် ကရိန်းကားဖြင့် ယင်းတိမ်းမှောက်သွားသော ယာဉ်ကိုဆွဲထောင်လိုက်သည်။ ကား၏ရှေ့ပိုင်းနှင့် အမိုးပိုင်းလုံးဝပျက်စီးသွားသည်။ ယင်းကားမှာ ၁၀၅ လိုင်းကားဖြစ်ပြီး ကားနံပါတ်မှာ ၈က/၂၉၀၈ ဖြစ်သည်။ ၎င်းမော်တော်ယာဉ်မှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်မှာလည်း ထွက်ပြေးသွားကြောင်း သိရသည်။

အရှိန်လွန်

အဆိုပါ ၁၀၅ လိုင်းကားသည် ဗန္ဓုလလမ်းအတိုင်း မောင်းလာပြီး ပန်းဆိုးတန်းခုံးကျော်တံတားကို ကျော်ဖြတ်မည့်ကားဖြစ်ပြီး အခင်းဖြစ်ပွားရာနေရာတွင် အရှိန်ဖြင့် ကွေ့လိုက်စဉ် အရှိန်လွန်ပြီး Kyaw Home Mart ထဲသို့ ဝင်သွားပုံရသည်။

ယာဉ်မောင်းများအတွက် သင်ခန်းစာတစ်ပုဒ်ဖြစ်သည်။ ယာဉ်မောင်းများ သတိပြုစရာပင်ဖြစ်တော့သည်။ ယာဉ်မောင်းများပေါ့ဆမှုကြောင့် ခရီးသည်များ ဒုက္ခရောက်ကြရသည်။ ပူဆွေးသောက ရောက်ကြရသည်။ ယာဉ်မောင်းနေစဉ် လောဘ၊ ဒေါသ၊ မောဟကင်းဝေးပြီး အန္တရာယ် မှန်သမျှ ဘေးရှင်းစွာ မောင်းနှင်ခြင်းသည်သာလျှင် အားလုံးအတွက် အကောင်းဆုံးဖြစ်ချေသည်။ ယခုဖြစ်ရပ်မှာ ယာဉ်မောင်းများအတွက် လက်တွေ့သင်ခန်းစာတစ်ပုဒ်ပင်ဖြစ်ပါကြောင်း သတင်းမြင်ကွင်းအဖြစ် ဖော်ပြလိုက်ရပါသည်။

(မြန်မာ့အလင်း)

ဖေဖော်ဝါရီ ၂၅ ရက်က ၁၀၅ လိုင်းကားတစ်စီး ရန်ကုန်မြို့ ပန်းဆိုးတန်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ Kyaw Home Mart ကုန်ပဒေသာဆိုင်ကို ဝင်တိုက်ပြီး လဲကျနေသည်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ-သန်းနိုင်(မီးသတ်ဦးစီး)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

လမ်းမပေါ်မှ ဈေးသည်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

လှိုင်သာယာမြို့နယ် အမှတ် (၇) ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းထိပ် စိန်ပန်းမြိုင်လမ်းမကြီးပေါ်တွင် တရားမဝင် ပုံကျဈေးသည်များ ခင်းကျင်းရောင်းချလျက်ရှိရာ ခရီးသွားပြည်သူများနှင့် ယာဉ်များသွားလာရန် ခက်ခဲလျက်ရှိပါသည်။ ထို့အပြင် ၎င်းတို့စွန့်ပစ်သော အမှိုက်များကြောင့် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် ကျူးကျော်ရောင်းချနေသော ဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူ

ရေအိမ် ဆောက်ပေးပါ

စာတည်းခင်ဗျား–

ဧရာဝတီတိုင်း မအူပင်ခရိုင် ပန်းတနော်မြို့ရှိ စည်ပင်သာယာဈေးအတွင်းတွင် ရေအိမ်များ မရှိသည့်အတွက် ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်သူများ အခက်အခဲဖြစ်လျက်ရှိပါ၍ ပန်းတနော်မြို့ဈေးအတွင်း အမျိုးသား၊ အမျိုးသမီး ရေအိမ်များ ဆောက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသည်တစ်ဦး

အက်စစ်နှင့် ငရဲမီးနံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား–

စစ်ကိုင်းတိုင်း မုံရွာမြို့ အောင်မင်္ဂလာရပ်ကွက် မာဃလမ်း ရွှေသန့်စင်လုပ်ငန်းတစ်ခုမှ ရွှေလျော်လုပ်ငန်းတွင် အသုံးပြုသော အက်စစ်၊ငရဲမီး၏ အနံ့များကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်လျက်ရှိပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မုံရွာသား

ငှက်ပျောကြော်လုပ်ငန်းများ စနစ်ကျစေချင်

စာတည်းခင်ဗျား–

ဇလွန်မြို့ ညောင်ပင်ဈေးရပ်ကွက် (၁) လမ်းအတွင်းရှိ ငှက်ပျောကြော်လုပ်ငန်းများမှ အညော်နံ့များ နေ့စဉ်ခံစားနေရပါသဖြင့် ပတ်ဝန်းကျင်ရှိ ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ်ပါ စိုးရိမ်နေရ၍ ယင်းငှက်ပျောကြော်ဖိုများကို စနစ်တကျဖြစ်ရေး သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ကျီစုရွာအနီး လမ်းမကြီး ပြုပြင်ပေးပါ

စာတည်းရှင့်–

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ လှော်ကားလမ်းမသည်(၁၀၆) ရပ်ကွက်ထိပ်မှ ကျီစုရွာအထိ သွားလာ၍မရအောင်ပျက်စီးနေပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ကျီစုရွာသူ

လောင်းကစားသူများအား အရေးယူပေးပါ

စာတည်းခင်ဗျား–

ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ခမောက်စုရွာ စက်ပိုင်းရပ်ကွက်တွင် နှစ်လုံးထီ၊ သုံးလုံးထီနှင့် ဖဲဝိုင်းများ ပြောင်ပြောင်တင်းတင်း ပြုလုပ်နေပါသဖြင့် ရွာသူရွာသားများ အကျင့်စာရိတ္တနှင့် စီးပွားရေးပါ ပျက်စီးနိုင်ပါသောကြောင့် လိုအပ်သလို အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

လေးမျက်နှာသား

ကျူးကျော်တဲများ စိစစ်ပေးစေချင်

စာတည်းရှင့်–

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ဘောက်ထော် ပြည်သာယာလမ်းနှင့် မီးရထားလမ်းဆုံရာအနီး၌ စည်းကမ်းမဲ့ ကျူးကျော်တဲ များစွာရှိရာ မော်တော်ယာဉ်များသွားလာရာတွင် အခက်အခဲဖြစ်လျက်ရှိပြီး ကျူးကျော်တဲများကြောင့် မီးဘေးအန္တရာယ်အတွက်လည်း စိုးရိမ်နေရပါ၍ သက်ဆိုင်ရာမှ စိစစ်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သား

ကားဘော်ဒီဆေးမှုတ်လုပ်ငန်းကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား–

ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် ကြောင်မျက်ရှင်လမ်းရှိ ကားဘော်ဒီဆေးမှုတ်လုပ်ငန်းနှင့် သံပန်း သံတံခါးအလုပ်ရုံများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်လျက်ရှိရာ သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာလိုသူ

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဘန်နီဘမ်းဆေးတိုက်မှထုတ်လုပ်သော ဘန်နီဘမ်းဆေးပရုတ်ဆီကို စပိန်နိုင်ငံ ***BUSINESS INITIATIVE DIRECTIONS (B.I.D)*** အဖွဲ့မှ ချီးမြှင့်သော ***GOLD CATEGORY*** ရွှေသရဖူဆုရရှိသည့်အတွက် ဝမ်းမြောက်စွာ ဂုဏ်ယူမိပါကြောင်းနှင့် လုပ်ငန်းများ ဆက်လက်တိုးတက် အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဘန်နီဘမ်းမိသားစု

အမှတ် ၃၊ ပါရမီလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

ဖုန်း-၆၆၀၉၆၀၊ ၀၉-၅၁-၂၃၅၄၂၊ ၀၉-၅၁-၂၄၅၄၁။

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
လုပ်ငန်းသုံးစက်ပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး စက်ပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်-

(1) Copier (A3)	၃ လုံး
(2) Multimedia Projector	၁ လုံး
(3) Pallet Truck	၆ လုံး

၂။ တင်ဒါပေးသွင်းမှုကို ၅-၃-၂၀၀၇ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
အမှတ်၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၀၈၀၄။

အထူးကျေးဇူးဆပ်ပါမည်

ကျွန်တော် **ဗိုလ်မှူးကြီးခင်အောင်ဗလ (ငြိမ်း)**၏ အောက်ပါကတ်များပါရှိသော ပိုက်ဆံအိတ်တစ်လုံး ၂၄-၂-၂၀၀၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ကျပျောက်သွားပါသဖြင့် **အမှတ် ၁၅၅၊ ရတနာကျွန်း၊ သုနန္ဒာလမ်း၊ မြောက်ဥက္ကလာပ ဖုန်း-၀၁-၆၉၉၀၁၆** သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် အထူးကျေးဇူးဆပ်ပါမည်။

- **ပြန်တမ်းဝင်အရာရှိ(ငြိမ်း) ကတ်၊ အမျိုးသားမှတ်ပုံတင်၊**
- **ယာဉ်မောင်းလိုင်စင်၊ မြန်မာနိုင်ငံဂေါက်ကလပ်အသင်းဝင်ကတ်၊**
- **ငွေကျပ်တစ်သိန်းကျော်။**

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ဦးတင်ငွေ ၁၂/ဒပန(နိုင်) ၀၅၀၈၂၈၏ ဇနီးဖြစ်သူ မအေးတင် ၁၂/ဒပန(နိုင်) ၀၃၁၈၉၇သည် ၂၃-၂-၂၀၀၇ရက်တွင် ပစ္စည်းများယူဆောင်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ ရာသက်ပန် စွန့်လွှတ်လိုက်ပါကြောင်း။

ဦးတင်ငွေ
၁၂/ဒပန(နိုင်) ၀၅၀၈၂၈
အမှတ် ၄၄၃၊ သဇင်နွယ်လမ်း၊
နွယ်အေးရပ်ကွက်၊ဒေါပုံမြို့နယ်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မဥ္ဇူလမ်း၊ အမှတ် ၁၈၊ ပါရမီနေ ဦးမောင်မောင်တာ
(Managing Director, မြင့်မြတ်ဟိန်း Co.,Ltd.)
ဒေါ်အိအိခိုင်(Director, မြင့်မြတ်ဟိန်း Co., Ltd.) တို့၏ သားကြီး
မောင်ထူးမင်းမြတ် (Y.I.U.S)
နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးဘိုးတက်လမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း အမှတ်(၅၁/A)နေ ဦးမြတ်ကျော်-ဒေါ်ခိုင်စန္ဒာလွင် (Royal Diamond စိန်ဆိုင်)တို့၏ သမီးကြီး
မအိမြတ်စန္ဒီ (Y.I.C.S)
တို့သည် ၂၅-၂-၂၀၀၇ရက် မဥ္ဇူလမ်း ပါရမီနေအိမ်၌ နှစ်ဖက်သော မိဘများနှင့် ဒေါ်စိုးစိုးအောင် (ဒုတိယညွှန်ကြားရေးမှူး) တရားရုံးချုပ်တို့၏ ရှေ့မှောက်တွင် မော်ကွန်းတင် လက်မှတ်ရေးထိုး ပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ထူးမင်းမြတ်-မအိမြတ်စန္ဒီ။

လှိုင်မြို့နယ် (၅)ရပ်ကွက် ကြံခင်းကျောင်း ပရိယတ္တိစာသင်တိုက် အောင်မြင်တော်မူဆုတောင်းပြည့် မြတ်စွာဘုရား ဆင်းတုတော်၊ တန်ဆောင်းတော်နှင့် နှစ်ထပ်ကျောင်းတော်ကြီး ရေစက်ချအခမ်းအနားနှင့် အသစ်ဆောက်လုပ်မည့် သုံးထပ်ကျောင်းတော်ကြီးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၈ရက်က ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးလွင်၊ ဇနီး ဒေါ်မိုးမိုးသန်း မိသားစုက အလှူငွေကျပ် နှစ်သိန်းအပါအဝင် အလှူငွေစုစုပေါင်း ကျပ် ၅၅၁၇၅၀၀ကို ကြံခင်းကျောင်းစာသင်တိုက် ဩဝါဒါစရိယဆရာတော် အရှင်ပဏ္ဍိစ္စ ရှေ့မှောက်၌ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လေးမျက်နှာမြို့နယ် ရွှေစေတီတစ်ထောင် ထီးတော်တင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် ချင်းလယ်ကျေးရွာအုပ်စု ဂန္ဓမာတောင်တွင် တည်ထားကိုးကွယ်သော တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဝါသိဋ္ဌ၏ အမှောင်ကိုခွင်း၍ အလင်းကိုဆောင် ရွှေစေတီတစ်ထောင်နယ်မြေတွင် မတ်၂ရက် (တပေါင်းလပြည့်နေ့)၌ စုပေါင်းဒုလ္လဘရဟန်းခံပွဲ၊ ပဋ္ဌာန်းပူဇော်ပွဲ၊ အနေကဇာတင်ပွဲများနှင့်အတူ စေတီသစ်ကိုးဆူ ထီးတော်တင်ပွဲ ကျင်းပမည်ဖြစ်၍ ဆရာတော်၏ ရပ်ဝေးရပ်နီး တပည့်သာဝကများ လာရောက်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။ **(က-ပ)**

Nibban နှင့် ဗဟိုထုတ်ကုန်ပစ္စည်း အရောင်းကိုယ်စားလှယ်ကြီးများအားဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၅

Nibban Electric & Electronics လုပ်ငန်းမှထုတ်လုပ်သည့် Nibban နှင့် ဗဟိုထုတ်ကုန်ပစ္စည်းများကို ဦးစားပေးရောင်းချလျက်ရှိသော အရောင်းကိုယ်စားလှယ်ကြီးများအား ကျေးဇူးတုံ့ပြန်ဂုဏ်ပြုသည့် အရောင်းကိုယ်စားလှယ်ကြီးများနှင့် တွေ့ဆုံပွဲ ၂၀၀၇အခမ်းအနားကို ဖေဖော်ဝါရီ၂၄ရက် ညနေ ၆နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ Nibban Group ဥက္ကဋ္ဌ ဦးသိန်းကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ Nibban Trading ၏ Managing Director နှင့် Nibban Electric & Electronics လုပ်ငန်း၏ General Manager ဒေါက်တာအောင်သိန်းက ထုတ်ကုန်ပစ္စည်းအသစ်များဖြစ်သော Nibban All in One Antenna , Nibban Servo Stabilizer , Nibban µ Processor Control Digital AVR & Safeguard , Nibban Auto & Manual Voltage Regulator တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် အရောင်းကိုယ်စားလှယ်ကြီးများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။ ယင်းနောက် ၂၀၀၆ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်ကြီးများအား ဆုချီးမြှင့်သည်။

ထုတ်လုပ်ဖြန့်ဖြူး

Nibban Electric & Electronics လုပ်ငန်းသည် နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ISO 9001:2000) လက်မှတ်ရရှိထားပြီးဖြစ်သည်။ ထို့အပြင် သုံးစွဲသူများ၏ လိုအပ်ချက်ဖြစ်သော အရည်အသွေးမြင့်မားသည့် Nibban TV Antenna & Booster, Nibban Servo Stabilizer, Nibban µ Processor Control Digital AVR & Safeguard, Nibban Digital AVR, Nibban AVR & Safeguard, Nibban Auto & Manual Voltage Regulator, Nibban Auto Inverter၊ ဗဟိုအင်ဗာတာ၊ ဗဟိုမီးအားမြှင့်စက်နှင့် ဗဟိုဘက်ထရီအားသွင်းစက်များကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Nibban Electric & Electronics လုပ်ငန်းမှ ထုတ်လုပ်သော Nibban နှင့် ဗဟိုထုတ်ကုန်ပစ္စည်းများ အထူးရောင်းချပေးသော အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲတွင် Nibban Group ၏ ဥက္ကဋ္ဌ ဦးသိန်းကြည်က နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ဇလွန်မြို့နယ်အသင်း(ရန်ကုန်) (၄၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို စမ်းချောင်းမြို့နယ် မြသိန်းတန်အောင်ဓမ္မာရုံကြီးတွင် ဖေဖော်ဝါရီ၂၅ရက်က ပြုလုပ်ရာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကောသလ္လ (လမိုင်းပရိယတ္တိစာသင်တိုက် ဇလွန်မြို့) အား အသင်းဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ကေသီပန် ဦးလှမြင့်နှင့်အမှုဆောင်များ ထပ်ဆင့် ပူဇော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၁၂၉)

ဧရာဝတီတိုင်း ဆရာဝန်ညီလာခံ၊ ခန်းမဆောင်သစ်ဖွင့်ပွဲနှင့် ဆေး၊ ဆေးပစ္စည်းပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်းခွဲ (ပုသိမ်) က ကြီးမှူး၍ ဆဋ္ဌမအကြိမ် ဧရာဝတီတိုင်း ဆရာဝန်ညီလာခံ၊ မြန်မာနိုင်ငံဆရာဝန် အသင်း(ပုသိမ်) အစည်းအဝေးခန်းမဆောင်သစ်ဖွင့်ပွဲနှင့် ဆေး၊ဆေးပစ္စည်းများပြပွဲကို မတ်၂၂ ရက်မှ၂၃ရက်အထိပုသိမ်မြို့အသင်းခန်းမဆောင်သစ်၌ ကျင်းပမည်ဖြစ်ရာ နောက်ဆုံးပေါ် ဆေးကုသနည်းနှင့် သုတေသနစာတမ်းများကို ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများက ဟောပြောဆွေးနွေးမည်ဖြစ်သည်။

စုံစမ်းနိုင်

အဆိုပါ ညီလာခံသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာဝန်များ တက်ရောက်ဆွေးနွေးကြရန်နှင့် အသေးစိတ်သိရှိလိုပါက အသင်းဥက္ကဋ္ဌ ဒေါက်တာကြည်ဖေ (အရိုးအထူးကု) ဖုန်း-၀၄၂-၂၄၂၉၂နှင့် အတွင်းရေးမှူး ဒေါက်တာစိုးလင်း(အရိုးအထူးကု)ဖုန်း-၀၄၂-၂၅၂၃၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှုအသင်းချုပ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဖလား ရွှေဦးရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂ ရက်(သောကြာနေ့)နံနက် ၆ နာရီတွင် မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ကျင်းပမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှအမှုဆောင်များ၊ အသင်းဝန်ထမ်းများနှင့် အသင်းဝင်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဖေဖော်ဝါရီ ၂၈ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဖုန်း-၂၁၄၃၄၄၊ ၂၁၄၃၄၅ နှင့် ၂၁၄၃၄၇ တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
(ဦးကြည်ဝင်း၊ Rep.Nagoya Mitsubishi Motor Sales Co., Ltd.)–
ဒေါ်အေးအေးသန်း (Director- Shwe Sabae Co., Ltd.)တို့၏သားကြီး

မောင်ဖြိုးနေလင်း (B.Sc, IC)

သစ္စာရှင်စက်မှုလုပ်ငန်း

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ
ဦးလှိုင်သိန်း[အထွေထွေမန်နေဂျာ၊ MAF-1၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန]–
ဒေါ်သက်သက်ဝင်း[မန်နေဂျာ–ငြိမ်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန]တို့၏သမီးကြီး

ဒေါက်တာချိုချိုဇင်လှိုင်

M.B.,B.S (YGN) 1st Year, M.Med.Sc (Pathology) (IM-1)

တို့သည် ၂၅–၂–၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Traders Hotel (Myanmar Ball Room) ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ ဧည့်ပရိသတ်များ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးနေလင်း–ဒေါက်တာချိုချိုဇင်လှိုင်။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

We are a leading marketing and distribution company and are looking for the well qualified personnel for the following post. Good remuneration package, commission & incentive will be offered for qualified persons.

(၁) ဝန်ထမ်းရေးရာမန်နေဂျာ (Human Resources Manager) ကျား/မ ၁ဦး
- အသက်(၃၅)နှစ်အထက်
- ဘွဲ့ရ သို့မဟုတ် လုပ်ငန်းနှင့်သက်ဆိုင်သော ပညာအရည်အချင်းရှိသူ ဦးစားပေးမည်။ HR လုပ်ငန်းအတွေ့အကြုံသုံးနှစ်ရှိပြီး လုပ်ငန်းကြီးများတွင် လုပ်ကိုင်ခဲ့ဖူးသူဖြစ်ရမည်။ ရာထူးခန့်ထားခြင်း ဝန်ထမ်းများ၏အရည်အသွေးမြင့်မားရေးတို့ကို ဖော်ဆောင်ပေးနိုင်သူဖြစ်ရမည်။ မန်နေဂျင်း ဒါရိုက်တာ၊ ဒါရိုက်တာသို့ တာဝန်ခံရမည်ဖြစ်သည်။

(၂) စီမံခန့်ခွဲရေးမန်နေဂျာ (Admin Manager) ကျား ၁ဦး
- အသက်(၃၀)နှင့်အထက်၊ ဘွဲ့ရ၊ စီမံခန့်ခွဲမှုဘွဲ့ သို့မဟုတ် ဒီပလိုမာရရှိသူဦးစားပေးမည်။
- လုပ်ငန်းအတွေ့အကြုံသုံးနှစ်၊ ရုံးလုပ်ငန်း၊ မော်တော်ယာဉ်နှင့်ပတ်သက်သည့် ကြီးကြပ်မှုလုပ်ငန်း၊ စတိုလုပ်ငန်းများတွင် စီမံအုပ်ချုပ်နိုင်ရမည်။

(၃) Chief Accountant ကျား/မ ၁ဦး
- B. Com, CPA
- Stock များနှင့်ပတ်သက်၍ စစ်ဆေးခြင်းလုပ်ငန်းများအား တာဝန်ခံရမည်။
- Software ကျွမ်းကျင်ရမည်။

(၄) Senior Auditor ကျား/မ ၃ဦး

B.Com, DA, LCCL (Level-III) ငွေစာရင်း၊ ကုန်ပစ္စည်းစာရင်းစစ်ဆေးခြင်း၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။ နယ်ရုံးခွဲစာရင်းများအား တာဝန်ခံစစ်ဆေးနိုင်ရမည်။ Computer ကျွမ်းကျင်ရမည်။

(၅) မော်တော်ယာဉ်မှူး ကျား ၁ဦး
- ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံသုံးနှစ်၊ မော်တော်ယာဉ်ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ အသက် ၃၀ မှ ၄၅နှစ်။
- မော်တော်ယာဉ်နှင့်ပတ်သက်သည့် စက်ပိုင်းဆိုင်ရာအစိတ်အပိုင်းများ နားလည်ကျွမ်းကျင်ရမည်။

(၆) Cashier မ ၃ဦး
- ဘွဲ့ရ၊ ငွေကြေးကိုင်တွယ်ထိန်းသိမ်းခြင်း အတွေ့အကြုံရှိရမည်။
- ငွေကြေးတာဝန်ယူနိုင်ရမည်။

(၇) Computer Operator မ ၃ဦး
- ဘွဲ့ရဖြစ်ရမည်။ Microsoft, Excel, Word, Pagemaker ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

(၈) Store Keeper ကျား ၃ဦး
- ဘွဲ့ရ၊ စတိုစာရင်းထိန်းသိမ်းနည်း နားလည်တတ်ကျွမ်းရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးတစ်နှစ်၊ ပစ္စည်းအဝင်၊ အထွက်များကို တာဝန်ယူဆောင်ရွက်ရမည်။

အထက်ပါအလုပ်ကိုစိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မိမိ၏ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ **AA Medical Products Ltd. အမှတ် ၄၀၈/၄၁၀၊ ခြောက်ထပ်၊ Samsung Plaza မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

ဖိတ်ကြားနှိုးဆော်လွှာ

မန္တလေးတိုင်း မလှိုင်မြို့နယ် စေတော်ဝင်ကျောင်း ရွှေပေါ်ကျွန်းသာသနာပြုစခန်းအတွင်း ကျေးဇူးတော်ရှင် အရှင်ဇေယျာသိဒ္ဓိဓမ္မဉာဏိက ဆရာတော် အရှင်သူမြတ်ကြီး ကမ္မဋ္ဌာန်းတရားများ စတင်ကျင့်ကြံပွားများအားထုတ်ခဲ့သော အောင်မြင်စွာကုန်းမြေတွင် ကျေးဇူးတော်ရှင် အရှင်ဇေယျာသိဒ္ဓိဓမ္မဉာဏိက ဆရာတော်အရှင်သူမြတ်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ပူဇော်သောအားဖြင့် တည်ထားကိုးကွယ်အပ်သော မူလကမ္မဋ္ဌာနသေဝကလိုဏ်ဂူတော်ကြီးနှင့် ကမ္ဘာလုံးစေတီတော်မြတ်ကြီး၏ ဒုတိယဆင့် ဌာပနာတိုက်နှင့် တတိယဆင့် ဌာပနာတိုက်တို့ကို (၁၃၆၈ခုနှစ် တပေါင်းလပြည့်နေ့) ၂–၃–၂၀၀၇ရက် (သောကြာနေ့)နံနက် ကောင်းမြတ်သော မင်္ဂလာအချိန်အခါတွင် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်များနှင့် လောကီ၊ လောကုတ္တရာ ရတနာအမျိုးမျိုးတို့ကို သွင်းလှူပူဇော်မည်ဖြစ်ပါ၍ ကျေးဇူးတော်ရှင် အရှင်ဇေယျာသိဒ္ဓိဓမ္မဉာဏိကဆရာတော် အရှင်သူမြတ်ကြီးနှင့် ပါရမီဆက်၊ ပဋ္ဌာန်းဆက်၊ ဓာတ်ဆက်၊ ပါရမီဖြည့်ဖက်ဖြစ်ကုန်သော သာဝက ဝေနေယျအများတို့အား ပါရမီမျိုးစေ့များ စိုက်ထူလှူဒါန်းပူဇော်နိုင်ရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရနှင့်
ဥပဋ္ဌာကအဖွဲ့
စေတီတော်ဖြစ်မြောက်ရေးကော်မတီ။

၁၉၇၅–၇၉ခုနှစ် မော်လမြိုင်ကောလိပ် သတ္တဗေဒကျောင်းသားကျောင်းသူဟောင်းများ

ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၃၀–၄–၂၀၀၇ရက် (တနင်္လာနေ့)တွင် ကျင်းပပါမည်။ ကျင်းပမည့်နေရာနှင့် အချိန်ကို ထပ်မံကြေညာပါမည်။

လှူဒါန်းနိုင်သည့်နေရာများ–

၁။ ဦးခင်မောင်လွင်–ဒေါ်မြင့်မြင့်မော် ဖုန်း–၀၉–၅၀၂၁၈၆၄၊ ရန်ကုန်
၂။ ဦးလှမြင့်–ဒေါ်တင်တင်ရှန် ဖုန်း–၀၁–၆၈၀၅၈၉၊ ရန်ကုန်
၃။ ဦးပြုံးချို ဖုန်း–၀၅၂–၂၂၀၈၁၊ ပဲခူး
၄။ ဦးမြင့်ဆွေ ဖုန်း–၀၉–၅၃–၀၀၂၅၇၊ ပဲခူး
၅။ ဒေါ်အေးအေးနွယ်(မလေး) ဖုန်း–၀၅၇၂၅/၄၇၊ မော်လမြိုင်
၆။ ဒေါ်ဝင်းဝင်းဌေး ဖုန်း–၀၉၅–၂၀၈၉၆၊ မော်လမြိုင်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

လက်ထပ်မင်္ဂလာ ဆုတောင်းလွှာ

မောင်ရဲထွေး (WAWA SAN Yakin Enterprise,K.L) နှင့် မသော်သော်သိန်း (သဲသဲ) (Yeiyoong Enterprise,K.L) တို့၏ ၂၅–၂–၂၀၀၇ရက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းတစ်ရာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းနှင့် ပြည့်စုံသော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ။

အန်တီ – **ဒေါ်ဝင်းမေ (မန်နေဂျာ၊ ငြိမ်း၊ ဟိုတယ်/ခရီး)**
အစ်မကြီးများ – **အေးအေးမြင့်၊ နုနုရီ၊ ခင်သန္တာဝင်း**
မောင်ငယ် – **ကျော်စွာထက်(ကိုဆွိ) ခေတ္တ–မလေးရှား။**

အမည်ပြောင်းခေါ်ရန်

ကသာမြို့ ကုန်သည်လမ်းနေ အဖ ဦးအကင်း(ခ)ဦးမြင့်လွင် ၅/သကန(နိုင်)၀၈၇၄၂၁၈၏သမီး အထက(၁) စတုတ္ထတန်း(B)မှ မယွန်းနီနီအား မထက်သဥ္ဇာလွင်ဟု ပြောင်းလဲခေါ်ပါရန်။

မထက်သဥ္ဇာလွင်။

အေးမြချမ်းသာမဟာစည် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်(၇)ရပ်ကွက်ရှိ အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာတွင် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကို အေးမြချမ်းသာ ဆရာတော် မဟာကမ္မဋ္ဌာနာစရိ ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တသီရိဓမ္မ (ဘီအေ–ပါဠိဂုဏ်ထူး)ဦးစီး၍ မတ် ၇ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အသက် ကိုးနှစ်မှ ၁၄နှစ်အထိ ကျား/မဦးရေ ၁၀၀ လက်ခံမည်ဖြစ်သည်။ ရှင်သာမဏေဖြစ်စေ၊ သီလရှင်ဖြစ်စေ၊လူဝတ်ဖြင့်ဖြစ်စေ တက်နိုင်ပြီး ရှင်သာမဏေသင်္ကန်းနှင့်သီလရှင်ဝတ်စုံများကို ရိပ်သာမှစီစဉ်ပေးမည်။ပြင်ပမှအချိန်ပိုင်းသင်တန်းသားများကိုလည်း ကန့်သတ်ချက်မရှိလက်ခံမည်။ အလှူရှင်များအနေဖြင့် မနက်ဆွမ်းကျပ်လေးသောင်း၊ နေ့ဆွမ်း ကျပ်ခြောက်သောင်း၊ ညနေ အအေးကျပ်တစ်သောင်း၊ တစ်ရက် ကျပ်၅၀၀နှုန်းဖြင့် ရိပ်သာ ဖုန်း–၅၈၅၀၄၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု ဘောဂဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ
ဘောဂဗေဒဘာသာ သိမှတ်ဖွယ်ရာ

မင်္ဂလာပါတပည့်တို့.–

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်တဲ့အထောက်အကူပြု သင်ခန်းစာများကို နှစ်ပိုင်းခွဲပြီး ရှင်းလင်းတင်ပြပါမယ်။ ပထမပိုင်းမှာ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ မေးခွန်းပုံစံကို တင်ပြပြီး၊ ဒုတိယပိုင်းမှာ စာမေးပွဲမေးခွန်း ဖြေဆိုပုံဖြေဆိုနည်းနဲ့ သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမယ်။

တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံ

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာကို အပိုင်း(က) နဲ့ အပိုင်း(ခ) ဆိုပြီး နှစ်ပိုင်းခွဲခြား မေးထားပါတယ်။ အပိုင်း(က)မှာ မဖြေမနေရဖြေဆိုရမယ့် မေးခွန်းနှစ်ပုဒ် မေးထားပါတယ်။ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂)ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁)ကို ထပ်ပြီး(၁က)နဲ့ (၁ခ)ဆိုပြီး ခွဲမေးထားပါတယ်။ (၁က) က ပေးထားတဲ့ ဖော်ပြချက်များကို မှား/မှန် ဖြေဆိုရမယ့်မေးခွန်းဖြစ်တယ်။ မေးခွန်း(၁၀)ခု မေးထားပြီး တစ်ခုကိုတစ်မှတ်စီနဲ့ စုစုပေါင်း ၁၀မှတ်ပေးထားတဲ့ မေးခွန်းဖြစ်တယ်။ (၁ခ)ကတော့ ကွက်လပ်ဖြည့်ခိုင်းတဲ့ မေးခွန်းဖြစ်ပါတယ်။ (၁ခ)မှာလည်း မေးခွန်း(၁၀)ခုပေးထားပြီး တစ်ခုကို တစ်မှတ်စီနဲ့ စုစုပေါင်း ၁၀မှတ် ပေးထားပါတယ်။ ဒါကြောင့်မေးခွန်းနံပါတ်(၁) အားလုံးမှန်လျှင် အမှတ်ပြည့် ၂၀မှတ်ရနိုင်ပါတယ်။

မေးခွန်းနံပါတ်(၂)ကတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အဓိပ္ပာယ်ဖွင့်ဆိုရမယ့် ဝေါဟာရ(၁၈)ခု ပေးထားပြီး နှစ်သက်ရာ(၁၀)ခုကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုကို ၂မှတ်စီနဲ့ စုစုပေါင်းအမှတ် ၂၀ ပေးထားပါတယ်။ ဒသမတန်း ဘောဂဗေဒသင်ရိုးစာအုပ်မှာ ရေးသားဖော်ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိတိကျကျ ပြည့်ပြည့်စုံစုံ ရေးသားနိုင်လျှင် အမှတ်ပြည့် ၂၀ ရရှိနိုင်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းရဲ့ အပိုင်း(က)မှာ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂) မှာပါတဲ့ မေးခွန်းများသည် ပြဋ္ဌာန်းသင်ရိုးစာအုပ်ပါ အခန်း(၆)ခန်းစလုံးက ဖြစ်ပါတယ်။ မေးခွန်း နံပါတ် (၁)နဲ့ မေးခွန်းနံပါတ်(၂) နှစ်ခုပေါင်းမှာ အမှတ် ၄၀ဖိုး ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁) နဲ့ မေးခွန်းနံပါတ်(၂)ကို ပြည့်စုံမှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ် ၄၀အပြည့် ရရှိနိုင်ပါတယ်။

မေးခွန်းလွှာရဲ့ အပိုင်း(ခ)မှာ စုစုပေါင်းမေးခွန်း (၄)ပုဒ်ပေးထားပါတယ်။ မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅)၊ (၆) တို့ဖြစ်ပါတယ်။ ဒီ (၄)ပုဒ်ထဲက နှစ်သက်ရာ(၃)ပုဒ် ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅)တို့က ပုံစံတူမေးခွန်းများ ဖြစ်ပါတယ်။ မေးခွန်းတစ်ပုဒ်စီမှာ (က)နဲ့(ခ)ဆိုပြီး အပိုင်းနှစ်ပိုင်းစီပါဝင်ပြီး၊ (က) အပိုင်းက မေးခွန်းရှည်၊ (ခ)အပိုင်းက မေးခွန်းတို(၄)ပုဒ် မေးထားပါတယ်။ (ခ)အပိုင်း မေးခွန်းတိုသည် မှတ်စုတိုရေးရန်မေးထားတာ ဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုမယ့် တပည့်တို့က (က) အပိုင်းမေးခွန်းရှည် သို့မဟုတ် (ခ)အပိုင်းက မှတ်စုတို မေးခွန်း(၂)ပုဒ် နှစ်သက်ရာရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ (က) အပိုင်းနဲ့ (ခ)အပိုင်း နှစ်ပိုင်းစလုံး ဖြေဆိုရန်မလိုပါ။ (က) အပိုင်းမေးခွန်းရှည်တစ်ပုဒ်တည်းအတွက် အမှတ်၂၀ ပေးထားပြီး၊ (ခ)အပိုင်းမှတ်စုတိုအတွက် တစ်ပုဒ်လျှင် ၁၀မှတ်နဲ့ နှစ်ပုဒ်အတွက် အမှတ် ၂၀ပေးထားပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ်(၆)က ဉာဏ်စမ်းမေးခွန်းဖြစ်ပြီး၊ ပေးထားတဲ့ စာရင်းအင်းကိန်းဂဏန်းများကို အခြေခံပြီး မျဉ်းကွေးများရေးဆွဲခြင်း၊ တွက်ချက်သုံးသပ် ဖြေဆိုခြင်းများ ပြုလုပ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၆)မှာ မေးခွန်း(၃)ပုဒ် (က)၊ (ခ)၊ (ဂ) ပါဝင်ပြီး၊ ဒီ(၃)ပုဒ်မှ နှစ်သက်ရာ(၂)ပုဒ် ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ တစ်ပုဒ်ကို ၁၀မှတ်ပေးထားပြီး၊ (၂)ပုဒ်ကို အမှတ် ၂၀ ရနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းရဲ့ အပိုင်း(ခ)က စုစုပေါင်းအမှတ် ၆၀ဖိုး ဖြစ်ပါတယ်။

၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာပုံစံကို ခြုံပြီး ပြောရမယ်ဆိုလျှင်၊ မေးခွန်း(၅)မျိုးပါဝင်တဲ့ မေးခွန်း(၆)ပုဒ်ပေးထားတဲ့ မေးခွန်းလွှာ ဖြစ်ပါတယ်။ မေးခွန်း(၅)မျိုးကတော့ (၁)ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မေးခွန်းရှည်နဲ့ (၅) ဉာဏ်စမ်းမေးခွန်းတို့ဖြစ်ပါတယ်။ မေးထားတဲ့မေးခွန်း (၆)ပုဒ်မှာ အပိုင်း(က)မှာ ပါဝင်တဲ့ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂)က မဖြေမနေရ ဖြေရမယ့် မေးခွန်းများဖြစ်ပြီး၊ အပိုင်း(ခ)မှာပါဝင်တဲ့မေးခွန်း(၄)ပုဒ်မှာ နှစ်သက်ရာ(၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်တဲ့အတွက် စုစုပေါင်းမေးခွန်း (၅)ပုဒ်ဖြေဆိုရမှာဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းဖြေဆိုပုံဖြေဆိုနည်း

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာမှာ ပါဝင်တဲ့မေးခွန်း(၆)ပုဒ်ကို ဖြေဆိုတဲ့အခါ မည်ကဲ့သို့ဖြေဆိုရမည်ဆိုတာကို မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းသွားပါမယ်။

မေးခွန်းနံပါတ်(၁က) ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့ မှား/မှန်မေးခွန်းကို ဖြေဆိုတဲ့အခါမှာ မေးခွန်းကို သေသေချာချာဖတ်ပြီး သဘောပေါက်နားလည်အောင် စဉ်းစားပြီးမှ **‘မှား’** သို့မဟုတ် **‘မှန်’** လို့ ဖြေဆိုရမယ်။ အဖြေမှန်အောင် ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကြေညက်အောင် ဖတ်ရှုလေ့လာမှတ်သားရန် လိုပါတယ်။ ဥပမာတစ်ခု ပေးပါမယ်။ **‘ထုတ်လုပ်မှုအင်အားစုများသည် လူတို့၏ လိုအင်ဆန္ဒများနှင့် နှိုင်းစာလျှင် ပေါများသည်ဟုဆိုနိုင်သည်’** ဟု မေးထားပြီး မှား/မှန် ဟုဖြေဆိုခိုင်းလျှင် အဖြေမှန်မှာ **‘မှား’** ဖြစ်ပါတယ်။ အဘယ်ကြောင့် **‘မှား’** လည်းဆိုတာ ပြဋ္ဌာန်းစာအုပ်ရဲ့ အခန်း(၁) အပိုင်း ၁–၂မှာ **‘ထုတ်လုပ်မှုအင်အားစုများသည် တိုင်းပြည်တွင် အကန့်အသတ်ဖြင့်သာ ရရှိနိုင်သောကြောင့်၊ ၎င်းတို့ကို အသုံးပြုပြီး ဖြည့်ဆည်းပေးရမည့် လူတို့၏ လိုအင်ဆန္ဒများနှင့် နှိုင်းစာလျှင် ရှားပါးသည်’** ဟု ဖော်ပြထားကြောင်း တပည့်တို့ သတိပြုနိုင်ပါတယ်။ မေးထားတဲ့မေးခွန်းမှာ အဖြေမှန်ကို ဆန့်ကျင်လို့ **‘မှား’** လို့ ဖြေဆိုရမှာ ဖြစ်ပါတယ်။ နောက်ဥပမာတစ်ခု ထပ်ပေးဦးမယ်။ **‘ကုန်ဖလှယ်မှုအချိုး ကျဆင်းခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက် အခွင့်သာသော အခြေအနေကို ဖြစ်ပေါ်စေသည်’** ဟု ပေးထားပြီး မှား/မှန် ဟုဖြေဆိုခိုင်းလျှင် အဖြေမှန်မှာ **‘မှား’** ဖြစ်ပါတယ်။ ဘာကြောင့် မှားလည်းဆိုတော့ **‘ကုန်ဖလှယ်မှုအချိုး ကျဆင်းခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက် အခွင့်မသာသော အခြေအနေကို ဖြစ်ပေါ်စေသည့်’** အတွက် ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁ခ) ကွက်လပ်ဖြည့်မေးခွန်းကို ဖြေဆိုနိုင်ရန်လည်း ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန်ကြေညက်အောင် ဖတ်ရှုလေ့လာမှတ်သားထားဖို့လိုပါတယ်။ ပေးထားတဲ့စာကြောင်းရဲ့ ကွက်လပ်ထဲမှာ တိကျတဲ့ စကားလုံးများကို ရေးသားဖြည့်စွက်ရမှာ ဖြစ်ပါတယ်။ ဥပမာတစ်ခု ပေးပါမယ်၊ **‘ဓာတ်ဆီဈေးနှုန်း မြင့်တက်သွားသောအခါ မော်တော်ကားဝယ်လိုအား ကျဆင်းသွားခြင်းသည် မော်တော်ကား၏ အပြန်အလှန်အလျော့အတင်းကို (ကွက်လပ်)လက္ခဏာ ဆောင်စေသည်’** လို့ပေးထားလျှင်၊ ကွက်လပ်ထဲမှာ ဖြည့်ရမည့်စကားက **‘အနုတ်’** ဖြစ်ပါတယ်။ နောက် ဥပမာတစ်ခု ထပ်ပေးပါမယ်။ ကုန်စည်ချင်းတိုက်ရိုက်ဖလှယ်မှုစနစ်၏ အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် (ကွက်လပ်) ကိရိယာအဖြစ် ငွေကြေးကို အသုံးပြုခဲ့သည်လို့ ပေးထားလျှင်၊ ကွက်လပ်ထဲမှာဖြည့်ရမည့်စကားစုက **‘ကြားခံလဲလှယ်ရေး’** ဖြစ်ပါတယ်။ **‘ကြားခံ’** လို့ဖြေလျှင်မပြည့်စုံတဲ့အတွက် အမှတ်ရမှာမဟုတ်ပါ။

မေးခွန်းနံပါတ်(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းမှာ ပေးထားတဲ့ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာအုပ်မှာ ဖော်ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုသာ ရေးသားရမယ်။ အဓိပ္ပာယ်ပြည့်စုံအောင်ရေးမှ အမှတ်ပြည့်ရမှာဖြစ်ပါတယ်။ ဥပမာ– **‘စာရင်းရှင်အပ်ငွေ’** ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ **‘စာရင်းရှင်အပ်ငွေဆိုသည်မှာ ငွေအပ်နှံထားသူများက လိုအပ်သည့်အခါ အချိန်မရွေး ထုတ်ယူသုံးစွဲနိုင်သော အပ်ငွေမျိုးဖြစ်သည်’** ဟု ဖြေဆိုလျှင် အမှတ်ပြည့်ရမည်မဟုတ်ပါ။ **‘စာရင်းရှင်အပ်ငွေဆိုသည်မှာ ငွေအပ်နှံထားသူများက ချက်လက်မှတ်ဖြင့် လိုအပ်သည့်အခါ အချိန်မရွေးထုတ်ယူသုံးစွဲနိုင်သော အပ်ငွေမျိုး ဖြစ်သည်’** ဟု ဖြေဆိုမှသာလျှင် အမှတ်ပြည့်ရမှာဖြစ်ပါတယ်။ နောက်ထပ်ဥပမာ တစ်ခုပေးပါမယ်။ **‘ငွေဖောင်းပွခြင်း’** ကို အဓိပ္ပာယ်ဖွင့်ဆိုမယ်ဆိုလျှင် **‘အထွေထွေဈေးနှုန်း အဆင့်မြင့်မားနေခြင်းကို ငွေဖောင်းပွခြင်းဟုခေါ်သည်’** ဟုဖြေဆိုလျှင် အဓိပ္ပာယ်ဖွင့်ဆိုချက် မပြည့်စုံပါ။ **‘အချိန်ကာလအတန်ကြာ အထွေထွေ ဈေးနှုန်းအဆင့် မြင့်မားနေခြင်းကို ငွေဖောင်းပွခြင်းဟုခေါ်သည်’** ဟုဖြေဆိုမှသာ ပြည့်စုံတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပါမယ်။

မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅) မှ မေးခွန်းရှည် သို့မဟုတ် မှတ်စုတိုနှစ်ပုဒ်ကို ရွေးချယ်ဖြေဆိုရာမှာ မေးခွန်းမှာ ပါရှိတဲ့အကြောင်းအရာနဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပထမရေးပြီးမှ ရှင်းလင်းချက်များကို ဆက်ရေးရမှာ ဖြစ်ပါတယ်။ ဥပမာ– **‘ဝယ်လိုအားတိုးခြင်းနဲ့လျော့ခြင်း’** ကို မှတ်စုရေးသားဖြေဆိုမယ်ဆိုလျှင်၊ ပထမဦးစွာ ဝယ်လိုအားတိုးခြင်း၊ ဝယ်လိုအားလျော့ခြင်းတို့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖော်ပြပြီးမှ ပုံနှင့်တကွ ဝယ်လိုအားတိုးခြင်း၊ ဝယ်လိုအားလျော့ခြင်းကို ရှင်းပြရမှာဖြစ်ပါတယ်။ မေးခွန်းရှည်ဖြေဆိုပုံ ဥပမာတစ်ခုပေးရမယ်ဆိုလျှင်၊ **‘စီးပွားရေးစနစ်အမျိုးမျိုးကို ရှင်းလင်းဖြေဆိုပါ’** ဟု မေးထားလျှင်၊ ပထမဦးစွာ ဈေးကွက်စီးပွားရေးစနစ်၊ ဗဟိုစီမံကိန်းချစီးပွားရေးစနစ်၊ ရောပြွမ်းစီးပွားရေးစနစ်ဟု စီးပွားရေး စနစ်(၃)မျိုးကို ဖော်ပြပြီး၊ ယင်းစီးပွားရေးစနစ်တစ်ခုချင်း၏ အဓိပ္ပာယ်သတ်မှတ်ချက် ဖော်ပြပြီး ရှင်းလင်းဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅)တို့မှာ ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၁)မှ၊ အခန်း(၆)ပါ အကြောင်းအရာများကို မေးခွန်းတစ်ပုဒ်လျှင် သီးသန့်အခန်းတစ်ခန်းမှ မေးထားခြင်းမဟုတ်ဘဲ၊ အခန်း(၁)မှ အခန်း(၆)မှ အကြောင်းအရာများကို ရောမေးထား နိုင်ပါတယ်။ နောက်ဆုံးမေးခွန်းဖြစ်တဲ့ **မေးခွန်းနံပါတ်(၆)ကို** အထူးရှင်းပြလိုပါတယ်။ မေးခွန်းနံပါတ်(၆)ကို (က)၊ (ခ)၊ (ဂ) ခွဲထားပြီး နှစ်သက်ရာ(၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်တယ်။ မေးခွန်းများမှာ ပေးထားတဲ့ ကိန်းဂဏန်းအချက်အလက်များကို အခြေခံပြီး၊ မျဉ်းကွေးများ/ပုံများဆွဲခြင်း၊ တွက်ချက်ပြီး ရရှိတဲ့အဖြေများကို သုံးသပ်ခြင်းများ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ ပေးထားတဲ့ကိန်းဂဏန်းများကို အခြေခံပြီး မျဉ်းကွေး များရေးဆွဲခိုင်းပါက တိကျမှန်ကန်စွာ ရေးဆွဲရမှာဖြစ်ပါတယ်။ ဥပမာ–**အခန်း(၁)**မှ နိုင်ငံတစ်နိုင်ငံရဲ့ ထုတ်လုပ်နိုင်မှုအခြေပြ မျဉ်းကွေးကိုပေးထားတဲ့ထုတ်လုပ်နိုင်မှု အခြေပြဇယားမှ ရေးဆွဲခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ ထုတ်လုပ်နိုင်မှု အခြေပြဇယားက နိုင်ငံမှာရှိတဲ့ အင်အားစုတွေနဲ့ ထုတ်နိုင်တဲ့ ဆန်နှင့်အထည်အတွဲများကို ဖော်ပြထားလျှင်၊ ဒီဇယားမှထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရေးဆွဲနိုင်ဖို့၊ ပထမဦးစွာဖော်ပြထားတဲ့ ကုန်စည်နှစ်မျိုး(ဆန်နှင့်အထည်)ကို ဒေါင်လိုက်ဝင်ရိုးမှာ ကုန်စည်တစ်မျိုး [ဥပမာ–ဆန်(တင်း)]၊ အလျားလိုက်ဝင်ရိုးမှာ ကုန်စည်တစ်မျိုး [ဥပမာ–အထည်(ကိုက်)] ကို စကေးတိတိကျကျ မှန်မှန်ကန်ကန် သတ်မှတ်ပြီး ဝင်ရိုးနှစ်ခု ရေးဆွဲရပါမည်။ ဥပမာ–ဒေါင်လိုက်ဝင်ရိုးမှာ ဆန်ကို တစ်စင်တီမီတာလျှင် (၁၀)တင်း၊ အလျားလိုက်ဝင်ရိုးမှာ အထည်ကို တစ်စင်တီမီတာလျှင် (၁၀)ကိုက် ဟူ၍ သတ်မှတ်ရပါမယ်။

ဝင်ရိုးနှစ်ခုကို စကေးမှန်ကန်စွာရေးဆွဲပြီးမှ ဇယားမှာပေးထားတဲ့ ကုန်စည်ပမာဏအတွဲများကို ဂရပ်ပေါ်မှာ မှတ်သားရပါမယ်။ မှတ်သားထားတဲ့ အမှတ်များကို ဆက်လိုက်လျှင် ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးရမယ်။ ရေးဆွဲထားတဲ့ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးပေါ်မှာ ကုန်စည်ပမာဏအတွဲများကို အမှတ်စဉ် က၊ ခ၊ ဂ၊ ဃ၊ င လို့ မှန်မှန်ကန်ကန် ဖော်ပြရမယ်။ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရေးဆွဲခိုင်းလျှင်၊ ရေးဆွဲတဲ့အဆင့်တိုင်းအတွက် အမှတ်ပေးတယ်ဆိုတာကို တပည့်တို့ကို သိစေလိုပါတယ်။ ဆရာမ ဖော်ပြသွားတဲ့အတိုင်း မရေးဆွဲ၊ မမှတ်သားခဲ့လျှင် အမှတ်ပြည့်ရမှာ မဟုတ်ပါ။ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးပေါ်ရှိ အမှတ်တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ထုတ်လုပ်ခြင်းဟာ ကုန်စည်တစ်ခုကို တိုးထုတ်ဖို့ နောက်တစ်မျိုးကို လျှော့ထုတ်ရမယ်ဆိုတဲ့ ဘောဂဗေဒဘာသာရပ်ရဲ့ အရေးကြီးတဲ့ အခွင့်အလမ်းစရိတ်သဘောတရားကို ဖော်ပြတယ်။ ကုန်စည်တစ်ခုရဲ့ အခွင့်အလမ်းစရိတ်က ယင်းကုန်စည် တစ်ယူနစ်တိုးထုတ်ဖို့ စွန့်လွှတ်ရတဲ့ အခြားကုန်စည်ပမာဏဖြစ်တယ်။

ဒါကြောင့် မေးခွန်းမှာအခွင့်အလမ်းစရိတ်ကို တွက်ချက်ခိုင်းတယ်ဆိုပါစို့။ ဥပမာ–အထည်ကိုက်(၄၀)မှ ကိုက်(၇၀)အထိ တိုးထုတ်ဖို့၊ ဆန်တင်း (၆၀)မှ တင်း(၄၀)သို့ လျှော့ထုတ်ရခြင်းရဲ့ အခွင့်အလမ်းစရိတ်ကို တွက်ခိုင်းတယ်ဆိုလျှင် အထည်ကိုက်(၇၀–၄၀=၃၀) တိုးထုတ်ရန်၊ ဆန်(၄၀–၆၀=–၂၀) လျှော့ထုတ်ရမှာဖြစ်လို့၊ အထည်ကိုက်(၃၀) တိုးထုတ်ရခြင်းရဲ့ အခွင့်အလမ်းစရိတ်က၊ လျှော့ထုတ်တဲ့ ဆန်တင်း(၂၀)ကို တိုးထုတ်တဲ့ အထည်ကိုက်(၃၀)နဲ့စားရခြင်းရဲ့ ရလဒ်ပဲဖြစ်တယ်။ တစ်နည်းအားဖြင့်(–၂၀)÷(+၃၀)= – ၀.၆၇ ဖြစ်တယ်။ အခွင့်အလမ်းစရိတ်က အနုတ်လက္ခဏာဖြစ်နေရခြင်းဟာ အထည်ကို တိုးထုတ်ဖို့ ဆန်ကို လျှော့ထုတ်ရတဲ့ သဘောကို ဖော်ပြတယ်။

အခန်း(၂)ဖြစ်တဲ့ ဝယ်လိုအားနှင့် ရောင်းလိုအားဆန်းစစ်မှု၏ အခြေခံမှုများအခန်းမှာလည်း ကိန်းဂဏန်းစာရင်းအင်း အချက်အလက်များ ပေးထားပြီး၊ ဝယ်လိုအားမျဉ်းကွေး၊ ရောင်းလိုအားမျဉ်းကွေးများ ရေးဆွဲပြီး အားမျှခြေ အခြေအနေကို ရှာခိုင်းနိုင်ပါတယ်။

ဥပမာ– မေးခွန်းမှာ ဆန်ဈေးကွက်တစ်ခုတွင် တစ်လအတွင်း ဆန်ဝယ်လိုအားနှင့် ရောင်းလိုအားကို ဇယားဖြင့် ဖော်ပြထားပြီး ဆန်ရဲ့ဝယ်လိုအားမျဉ်းကွေးနဲ့ ရောင်းလိုအားမျဉ်းကွေးကို ပုံတစ်ပုံတွင် ရေးဆွဲခိုင်းပြီး၊ အားမျှခြေဈေးနှုန်းနဲ့ အားမျှကုန်စည်အရေအတွက်ကို ဖော်ပြခိုင်းသည် ဆိုပါစို့။ ဆန်ရဲ့ဝယ်လိုအားမျဉ်းကွေးနဲ့ ရောင်းလိုအားမျဉ်းကွေးကို ပုံတစ်ပုံတွင် ရေးဆွဲဖို့ ပထမဦးစွာ အလျားလိုက်ဝင်ရိုးမှာ အရေအတွက်(မေးခွန်းမှာ

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

26-2 (15)(Eco).pmd 1 2/26/2007, 2:27 AM

ပြည်လုံးချမ်းသာစေတီ ဗုဒ္ဓါဘိသေက အနေကဇာတင် ရွှေသားသင်္ကန်းကပ်လှူ ဂန္ဓကုဋိတိုက် မွမ်းမံပြင်ဆင်

ရွှေတောင် ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်တွင် တည်ထားကိုးကွယ်သော ပြည်လုံးချမ်းသာ စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် ၁၃ ဆူတို့အား ဘုရားဒါယကာ၊ ဒါယိကာမများက ရွှေသားသင်္ကန်းတော်များ ကပ်လှူပူဇော်၍ ရောင်တော်ဖွင့်ခြင်း၊ ဂန္ဓကုဋိတိုက်တော်များအား မွမ်းမံပြင်ဆင်ပြီး ဖေဖော်ဝါရီ ၁၂ ရက် နံနက်က မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဦးကောဝိဒသာရနှင့် ပင့်သံဃာ ၃၉ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်မိသားစု ၁၃ ဦးတို့က အလှူငွေကျပ် နှစ်သိန်းစီကို စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးငွေကိုင်၊ ဘဏ္ဍာရေးမှူး ဦးကျော်ကျော်ဝင်းနှင့် ဂေါပကအဖွဲ့ဝင်များထံသို့ ပေးအပ်လှူဒါန်းကြပြီး ဂေါပကအဖွဲ့က သာဓု အနုမောဒနာ ဂုဏ်ပြုလွှာများ ပြန်လည်ချီးမြှင့်ကာ စုပေါင်းရေစက်သွန်းချ အမျှ ပေးဝေခဲ့ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖ များနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ရန်ကုန်တိုင်း ရွှေပြည်သာ မြို့နယ်မှ တိ=နိ အကျိုးတော်ဆောင်များနှင့် ရာသက်ပန် အဖွဲ့ဝင်များက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဖေဖော်ဝါရီ ၁၅ ရက်က ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးသော မြို့ပြလမ်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရသေ့တောင်မြို့၌ ကတ္တရာလမ်းခင်း

ရသေ့တောင် ဖေဖော်ဝါရီ ၁၀

ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်သော မင်းဘာကြီးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၃၀ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**



ဖခင်အမည်မှန်

တနင်္သာရီတိုင်း၊ မြိတ်မြို့ အမက (၆) မြစ်ငယ် စတုတ္ထတန်း(က)မှ မောင်ဘုန်းမြတ်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွေး(ခ)ဦးတင့်ထွေး ဖြစ်ပါသည်။ **ဦးတင့်ထွေး။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀ (၁)
မန္တလေးတိုင်းတရားရုံးတော်၌
၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၅၁

ဒေါ်လီ ပါ-၂ ဦး **နှင့်** ဦးမြင့်သိန်း ပါ-၇ ဦး
တရားလို **တရားပြိုင်**

၁။ ဦးမြင့်သိန်း အမှတ်(၁၆၁/၁၆၂) ရွှေစည်းခုံဘုရားလမ်း၊ အကွက်(၁) ပြင်ဦးလွင်မြို့ (ယခု နေရပ်လိပ်စာမသိ)။
၂။ ဒေါ်တင်တင်သော် အမှတ်(၂၆/၂၇) ဈေးလမ်း၊ (၆)ရပ်ကွက်၊ ပြင်ဦးလွင်မြို့ (ယခု နေရပ်လိပ်စာမသိ)။
၃။ ဒေါ်ခင်ပြုံးရီ (၂၇)ရပ်ကွက်၊ အီးပီစီရုံးလမ်း၊ (ဦးဖေသိန်း၊ ဒုတိယ အင်ဂျင်နီယာ၊အငြိမ်းစား) ၃၇/၆၀၃၊ ပြည်ထောင်စုလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။ (ယခု နေရပ်လိပ်စာမသိ)။
၄။ ဒေါ်ခင်မြင့်ရီ (မူလတန်းကျောင်းဆရာမ၊ အငြိမ်းစား) ရတနာမာန်အောင်ဘုန်းကြီးကျောင်း ရှေ့လမ်း၊ ဉာဏ်ကွဲရပ်၊ ပြင်ဦးလွင်မြို့။
၅။ ဒေါ်ညိုညိုလှ အမှတ်(၂)အထကကျောင်းအုပ်ကြီး၊ ကျောင်းဝင်း၊ ပြင်ဦးလွင်မြို့။
၆။ ဒေါ်ညိုညိုမြင့် (စက်မှုလက်မှုအထက်တန်းကျောင်း၊ အလက(၃)ဝင်း အတွင်းနေထိုင်သည်။ ပြင်ဦးလွင်မြို့။ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်လီ ပါ၂ ဦးက တရားမကြီးမှုအမှတ် ၁၅၂/၉၉၏ စီရင်ချက်နှင့် ဒီကရီအရ တရားပြိုင်များအကြား ပြုလုပ်သည့် နေအိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် အမှတ်-၁၈၆/၂၀၀၅သည် တရားလိုများ ရရှိမည့် (၇)ပုံ (၁)ပုံနှင့် ပတ်သက်၍ ပျက်ပြယ်ကြောင်း ကြေညာပြဌာန်းပေးစေလိုမှုနှင့် (၇)ပုံ (၁)ပုံ လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်က ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊၂၀၀၇ခုနှစ် မတ်လ၁၅ရက် (၁၃၆၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မေတင့်
တွဲဖက်တိုင်းတရားသူကြီး(၃)။

ဝမ်းနည်းကြေကွဲခြင်း

ဦးကြင်အုန်း(ခ) ဦးကောက် (ဖျာပုံ)

ဒေါက်တာယုယုကြည်(န-န-လ အထူးကုဆရာဝန်ကြီး)၏ဖခင် ဦးကောက်သည် ၂၁-၂-၂၀၀၇ရက်က ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်များအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်များအသင်း။**

ရုံးခန်းလိပ်စာ ပြောင်းရွှေ့ခြင်း

ကျွန်တော်များ "ဝင်းသင်နှင့်အဖွဲ့ လီမိတက်"၏ လက်ရှိရုံးခန်းတည်ရှိရာ အမှတ် ၁၁၉/၁၂၁၊ လသာလမ်း၊ လသာမြို့နယ် ရန်ကုန်မြို့မှ အမှတ်-၁၈၂/၁၉၄၊ ပထမထပ်၊ အခန်းအမှတ် **2B,2C**၊ နှင်းဆီကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်သို့ ၁-၃-၂၀၀၇ ရက်မှ စတင်ပြောင်းရွှေ့ ဖွင့်လှစ်ထားမည်ဖြစ်ပါသဖြင့် ဖော်ပြပါလိပ်စာသစ်ဖြင့် ဆက်သွယ်နိုင်ကြောင်း အသိပေးအပ်ပါသည်။

တယ်လီဖုန်းအမှတ်	: (၉၅၁) ၂၀၁၇၉၈၊
နှင်းဆီကွန်ဒိုဖုန်း	: (၉၅၁) ၂၉၁၅၆၄၊ ၂၉၂၅၈၇ (လိုင်းခွဲ-၁၁၂၊ ၁၁၃)
ဖက်စ်	: (၉၅၁) ၃၇၁၆၀၇
e-mail	: **winthin @ myanmar. com. mm**

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမအထွေထွေမှုအမှတ်-၈၀
(ကွယ်လွန်သူ ဒေါ်ဖာတီမာဘီဘီ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်-၆၄၁/၆၄၃/၆၄၅၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ဖာတီမာဘီဘီ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းတရားရုံး တရားမအထွေထွေမှုအမှတ်-၈၀/၀၆တွင် အမွေထိန်းလက်မှတ်စာရရှိခဲ့သူ အမ်စီဘန်း(ခ) ဦးမျိုးသိန်းမှ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇အရ အမွေထိန်းပစ္စည်းများဖြစ်သော ရန်ကုန်မြို့၊ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁ဘီ၊ မြို့မအနောက်ရပ်ကွက်၊ ဒုတိယအရှေ့ပိုင်း ၁/၄ဘိုးဘွားပိုင်မြေ၊ ပထမတန်းစားမြေမျိုး၊ မြေကွက်အမှတ်-၈၊ အကျယ်အဝန်း(၂၈'၉"X ၁၀၀')နှင့် ဒုတိယအနောက်ပိုင်း ၁/၄၊ ပထမတန်းစားမြေမျိုး၊ မြေကွက်အမှတ်-၈၊ (၂၈'၉"X ၁၀၀')၊အားလုံးအကျယ်အဝန်း(၅၇'၆"X ၁၀၀')ရှိ မြေများနှင့် ယင်းမြေပေါ်ရှိ လက်ရှိအခေါ်အမှတ်-၆၄၁၊ ၆၄၃၊ ၆၄၅၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံများတို့ကို စီမံခန့်ခွဲခွင့်ပြုရန် လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၀၇ခုနှစ် မတ်လ၁၄ရက် (၁၃၆၈ ခုနှစ် တပေါင်း လပြည့်ကျော် ၁၂ ရက်)နေ့တွင် ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ဖာတီမာဘီဘီ ကျန်ရှိသောပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် လာရောက်အမှုဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၀၇ ခုနှစ် မတ်လ ၁၄ ရက် (၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်) နံနက် ၁၀:၀၀နာရီအချိန်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်ရန်နှင့် ယင်းကဲ့သို့ လာရောက်အမှုဆိုင်ရန်ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ အမ်စီဘန်း(ခ) ဦးမျိုးသိန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ငွေ
တိုင်းတရားသူကြီး။

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မဟာဗေယျလမ်း အမှတ် ၄၂ (၈)ထပ်တိုက်၏ မြေညီထပ် (ခြေရင်းခန်း)နှင့် ပတ်သက်၍ ၂၁-၂-၂၀၀၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ"ကြေညာခြင်း"ကို

ပြန်လည်ဖြေရှင်း ကြေညာခြင်း

အထက်ခေါင်းစီးပါ တိုက်ခန်းကို ကန်ထရိုက်တာ ဦးစိုးလွင်ဦး(ခ) ဦးလွင်ဦးက ဒေါ်တင်ဇာခိုင်အား ကြိုပွိုင့်စနစ်ဖြင့် ရောင်းချထားပြီး၊ တိုက်ခန်းဖိုးစရန်ငွေများကို အရစ်ကျ ရယူထားကြောင်းနှင့် ယခု နောက်ဆုံးအရစ်ပေးချေ၍ တိုက်ခန်းကို လက်ရောက်ပေးအပ်ရန်အဆင့် ရောက်ရှိနေကြောင်း၊ ဒေါ်တင်ဇာခိုင်၏ ရှေ့နေက(၂၁-၂-၂၀၀၇)ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြေညာထားခဲ့ပါသည်။ ၎င်းကြေညာချက်ပါ အကြောင်းအရာများသည် မှန်ကန်မှုမရှိပါ။ ဒေါ်တင်ဇာခိုင်ထံမှ ဦးစိုးလွင်ဦး(ခ)ဦးလွင်ဦးက လုပ်ငန်းအတွက် ငွေချေးခြင်းနှင့် စပ်လျဉ်းပြီး ဒေါ်တင်ဇာခိုင်၏ စိတ်ကြိုက်(၅-၁၁-၂၀၀၅)နေ့စွဲပါ စာချုပ်ကို ချုပ်ဆိုပေးထားရခြင်းသာ ဖြစ်ပါသည်။ ၎င်းစာချုပ်အစား ချေးငွေအတိုးအရင်းပေါင်း၍ အခြားစာချုပ်များဖြစ်သည့်(၉-၉-၂၀၀၆)နှင့်(၂၃-၁၀-၂၀၀၆)နေ့စွဲပါ စာချုပ်များကို ချုပ်ဆိုပေးထားပြီးဖြစ်ပါသည်။ သို့ပါ၍ ခေါင်းစီးပါ တိုက်ခန်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဦးစိုးလွင်ဦး(ခ)ဦးလွင်ဦး ပိုင်ရေးပိုင်ခွင့်ရှိသည့် အခြားတိုက်ခန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒေါ်တင်ဇာခိုင်သည် မလိုအပ်သော စာချုပ်များကို လက်ဝယ်ထားရှိအသုံးပြုပြီး ဦးစိုးလွင်ဦး(ခ)ဦးလွင်ဦး၏ ပိုင်ရေးပိုင်ခွင့်များကို မတရားနှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရန် သတိပေးတားမြစ်လိုက်သည်။ မလိုက်နာပါက ဥပဒေအရအရေးယူမည်ဖြစ်ကြောင်းကိုလည်း ပြန်လည်ဖြေရှင်း ကြေညာအပ်ပါသည်။

ဦးစိုးလွင်ဦး(ခ)ဦးလွင်ဦး၏ ညွှန်ကြားချက်အရ-
ဦးမြင့်ဦး(၂)(B.A.,LL.B.) တရားရုံးချုပ်ရှေ့နေ
အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော လေးမျက်နှာမြို့ မြို့ပတ်တာနှင့်ရေတံခါးဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက်က ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၁ရက်က စီမံထူးချွန်(တတိယဆင့်) ချီးမြှင့်ခြင်းခံရသော သိုက်တူးကန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ရင်အား မြို့နယ်ဥက္ကဋ္ဌ ဦးစန်းလှိုင်က ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။
(မြို့နယ် ပြန်/ဆက်)

မကွေးမြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးကာကွယ်ရေးသုံးပစ္စည်းများ ဖြည့်တင်းထားမှုကို ဇန်နဝါရီ ၂၀ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်ဌေးဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဦးဘိုဘိုဟန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးတော်ဆောင်များ စစ်ဆေးကြပ်မတ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်နှင့် တွေ့ဆုံဆွေးနွေး

မြန်မာ–တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများ အမြင်ချင်းဖလှယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှမ်နှင့် ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ–တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှမ်တို့ နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကွန်ပျူတာနည်းပညာပြပွဲ တက်ရောက်အားပေး တောင်သမန်ကန်ပတ်လမ်း တိုးချဲ့မှုနှင့် နွေစပါးစိုက်ပျိုးမှုကြည့်ရှုစစ်ဆေး မန္တလေးစက်မှုဇုန် ထုတ်ကုန်များ အရည်အသွေးမကျဆင်းရေး ကြိုးပမ်းရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ(၁)၌ ကျင်းပသော မန္တလေးတိုင်း ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့က ကြီးမှူးကျင်းပသည့် ပဥ္စမအကြိမ်မြောက် ကွန်ပျူတာနည်းပညာပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာ ရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေး တိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း၏ အိုင်တီနည်းပညာ

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အမရပူရမြို့နယ် ရေကန်ကျေးရွာအုပ်စုတွင် မနော်သုခ နွေစပါးပျိုးပင်များအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

26-2 (20) 1 2/26/07, 2:42 PM